# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်　၂၀၁၅ ခုနှစ်၊ မေ ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့၊　အတွဲ [၅၄]၊ အမှတ် [၂၂၀]


**အရိယ သစ္စာန ဒဿနံ**
**ဧတံမင်္ဂလ မုတ္တမံ**
**သစ္စာလေးပါးကိုသိခြင်းသည်**
**မြတ်သော မင်္ဂလာမည်၏။**

# ပြည်ပသို့တင်ပို့ရာတွင် စိုက်ပျိုးမှု၊ ထုပ်ပိုးမှု၊ ပို့ဆောင်မှုများကို ခေတ်မီနည်းပညာများ အသုံးပြု



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာရွှေသစ်သီးဝလံကုမ္ပဏီမှ ထုတ်လုပ်သော ပြည်ပပို့ကုန် စိန်တလုံးသရက်သီးများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်း၊ စာမျက်နှာ-၃)(သတင်းစဉ်)

## ယနေ့ မာတိကာ


လူဦးရေထူထပ်သိပ်သည်းလာမည့် နောင်အနာဂတ် ကမ္ဘာ့မြို့ကြီးများ၏ အဓိကစိန်ခေါ်မှုများ　စာမျက်နှာ-၅

ကိုးကန့်သောင်းကျန်းသူများ၏ ခုခံတိုက်ခိုက်မှုများကို တပ်မတော်စစ်ကြောင်းများက ပစ်ကျင်းများတူး၍ ရဲဝံ့စွန့်စားစွာ တိုက်ခိုက်ချေမှုန်း　စာမျက်နှာ-၁၄


# တစ်နှစ်တန်ချိန် ငါးသောင်းနှုန်းထုတ်လုပ်မည့်ဆန်စက် ဇွန်လတွင် စတင်လည်ပတ်မည်


သတင်း-ခင်ရတနာ

ရန်ကုန်　မေ　၁၂

တစ်နှစ်လျှင် တန်ချိန် ငါးသောင်းခန့် ဆန်ထုတ်လုပ်နိုင်မည့် အရည်အသွေးမြင့် ဆန်စက်ကို မြန်မာနိုင်ငံ လယ်ယာစိုက်ပျိုးရေး အများပိုင်ကော်ပိုရေးရှင်းမှ ဇွန်လတွင် နေပြည်တော်၌ တည်ထောင်ကာ မြန်မာ့ဆန်စပါးအရည်အသွေးမြင့်မားရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"တစ်နှစ်ကို တန်ချိန်ငါးသောင်းထုတ်လုပ်နိုင်တဲ့ ဆန်စက်ကို ဇွန်လမှာ စတင်လည်ပတ်မှာဖြစ်ပါတယ်။ ဆန်စက်မှာ ကြိတ်ခွဲဖို့အတွက် စိုက်ပျိုးရေးတောင်သူတွေကို နည်းပညာပေးအပ်မယ်၊ အရည်အသွေးပြည့်မီတဲ့ မျိုးစပါးတွေ ဖြန့်ဖြူးပေးမယ်။ ဒါ့အပြင် စိုက်ပျိုးရေးလုပ်ငန်းမှာ သုံးစွဲရမယ့် ဓာတ်မြေဩဇာတွေကိုလည်း ပံ့ပိုးကူညီပေးသွားမှာဖြစ်တာကြောင့် မြန်မာ့ဆန်စပါးဈေးကွက်မှာ တည်ငြိမ်ပြီး သေချာမှုရှိပြီး အရည်အသွေးပြည့်မီတဲ့ ဆန်ကို ရောင်းဝယ်လာနိုင်တော့မှာဖြစ်တဲ့အပြင် တောင်သူတွေအတွက်လည်း ခိုင်မာသောဈေးကွက်တစ်ခုကို ရရှိလာနိုင်အောင် ရည်ရွယ်တည်ထောင်ရခြင်းဖြစ်တယ်"ဟု မြန်မာနိုင်ငံ လယ်ယာစိုက်ပျိုးရေး အများပိုင်ကော်ပိုရေးရှင်း(MAPCO)မှ မန်နေးဂျင်းဒါရိုက်တာ ဦးရဲမင်းအောင်က ပြောကြားသည်။

အဆိုပါ ဆန်စက်မှာ နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ မယ်ဇလီကုန်းကျေးရွာအနီး၌ တည်ရှိပြီး အဆိုပါဆန်စက်မှ ထွက်ရှိသည့် ဆန်များ၏ အရည်အသွေးကို အထူးအလေးထားကာ နိုင်ငံတကာအဆင့်မီ စာမျက်နှာ ၁၁ ကော်လံ ၄ ❖

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# တရားမဝင်ကုန်သွယ်မှု ဆက်လက်ထိန်းချုပ်

တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်လာမှုကြောင့် ကုန်သွယ်မှုကျဆင်းလာခြင်းကို တားဆီးနိုင်ရန်အတွက်လည်းကောင်း၊ စားသုံးရန်မသင့်သော ကုန်ပစ္စည်းများဝင်ရောက်လာခြင်းကို ဟန့်တားနိုင်ရန်အတွက်လည်းကောင်း၊ တရားဝင်ကုန်သွယ်မှုလမ်းကြောင်းမှ ကုန်သွယ်မှုပမာဏတိုးတက်လာရန်အတွက်လည်းကောင်း တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးဗဟိုကော်မတီ (Mobile Team)ကို ၂၀၁၂ ခုနှစ်ကတည်းက ဖွဲ့စည်းကြပ်မတ်ဆောင်ရွက်ခဲ့ရာ ယခုအခါတိုးတက်အောင်မြင်မှုများရရှိနေကြောင်း ကြားသိရပါသည်။

ကော်မတီအနေဖြင့် ပင်လယ်ရေကြောင်းကုန်သွယ်မှုနှင့် နယ်စပ်လမ်းကြောင်းများမှ ကုန်သွယ်မှုများတွင် တရားမဝင်တင်ပို့၊ တင်သွင်းနေမှုများအား စနစ်တကျ စိစစ်ဖော်ထုတ်အရေးယူဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ (Mobile Team) အဖွဲ့များ၏ လုပ်ငန်းအရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လာမှုကြောင့် ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက် တရားမဝင်ကုန်သွယ်မှုများ အတိုင်းအတာတစ်ခုအထိ လျော့ကျလာပြီဖြစ်ကြောင်း သိရပါသည်။ Mobile Team တွင် အဓိကအားဖြင့် စီးပွားကူးသန်း၊ အကောက်ခွန်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်အထောက်အကူပြုအဖွဲ့၊ ကုန်သည်အသင်းနှင့် မီဒီယာဟူ၍ အဖွဲ့ခြောက်ဖွဲ့ဖြင့် လေဆိပ်၊ နယ်စပ်ဝင်ဂိတ်နှင့် ဆိပ်ကမ်းများ၌ စစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် မူဆယ်-မန္တလေးလမ်းကြောင်းပေါ်တွင် နောင်ချိုမြို့၌ Mobile Team လှုပ်ရှားမှု(၁)နှင့် မြဝတီ-ရန်ကုန်လမ်းကြောင်းပေါ်တွင် ဝေါမြို့နယ် ညောင်ခါးရှည်၌လှုပ်ရှားမှု (၂) ဟူ၍ အဓိကဆောင်ရွက်လျက်ရှိပါသည်။ ဤသို့အထူးစစ်ဆေးရေးအဖွဲ့များဖြင့် စစ်ဆေးနေသော်လည်း တရားမဝင်ကုန်သွယ်မှုများရှိနေဆဲဖြစ်ပါသည်။

တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီ၏ ကွပ်ကဲမှုအောက်ရှိ (Mobile Team) များအား ၂၀၁၂ ခုနှစ်နိုဝင်ဘာလမှစတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၅ ခုနှစ် မတ်လအထိ ဖမ်းဆီးရမိခဲ့အမှုတွဲပေါင်း ၆၁၈၂ မှုရှိခဲ့ပြီး စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၃၅၀၀၀၀ (၃၅ ဘီလီယံခန့်)အား ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရပါသည်။ ထိုအတောအတွင်း ဖမ်းဆီးရမိတရားမဝင်ကုန်ပစ္စည်းများတွင် အများပြည်သူစားသုံးရန် မသင့်သောကုန်ပစ္စည်းအမှုတွဲ ၅၀၁ မှု၊ တန်ဖိုးအားဖြင့် ၁၃၇၅၆ သိန်း (၁၄ ဘီလီယံခန့်)ကို ဖျက်ဆီးနိုင်ခဲ့ပါသည်။ ဤသို့ တရားမဝင်ကုန်သွယ်မှုထိန်းချုပ်နိုင်ခြင်းဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၁ ဘီလီယံအထိ ရောက်ရှိခဲ့ကြောင်း သိရပါသည်။ တရားမဝင်ကုန်သွယ်မှုလုပ်ကိုင်ကြသူများအနေဖြင့် မကောင်းသောဝိသမလုပ်ငန်းစဉ်များကို စွန့်လွှတ်သင့်ပေပြီ။ ဒီမိုကရေစီခေတ်တွင် မှောင်ခိုလုပ်ငန်းသည် အမှန်တကယ်ချုပ်ငြိမ်းပေရတော့မည်။ သို့ပါ၍ ကုန်သွယ်မှုမြင့်မားလာပြီး နိုင်ငံတော်နှင့် ပြည်သူအကျိုးရည်ရွယ်ကာ တရားမဝင်ကုန်သွယ်မှုလမ်းကြောင်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ထိန်းချုပ်သွားရမည်ဖြစ်ပါကြောင်း။ ။

# အခမဲ့အထက်တန်းပညာရေး အစီအစဉ်ဖော်ဆောင်နိုင်ရန်စီစဉ်နေ

**ရန်ကုန် မေ ၁၂**

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၉၂) သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၁၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ၌ ကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကိုကိုဦး တက်ရောက် အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနား၌ ပြည်ထောင်စုဝန်ကြီးက ယနေ့ကာလတွင် အခမဲ့မူလတန်းပညာရေး အစီအစဉ်သာမက အခမဲ့အလယ်တန်း ပညာရေးအစီအစဉ်ကိုပါ ပညာရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အခမဲ့အထက်တန်းပညာရေး အစီအစဉ်ကိုလည်း ဆက်လက်အကောင်အထည်ဖော်နိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း၊ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေး၊ ကျောင်းနေမြဲရေး၊ အတန်းလိုက်သင်ယူပြီး မြောက်မှုနှုန်း မြင့်မားရေး၊ အတန်းကူးပြောင်းမှုနှုန်း မြင့်မားရေးနှင့် သင်ယူတတ်မြောက်မှုနှုန်း ပိုမိုမြင့်မားရေးတို့အတွက် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ထို့ပြင် ဉာဏ်ပညာထက်မြက်သူများကို စိစစ် ရွေးချယ်ပြီး အလယ်တန်းပညာသင်ဆု၊ အထက်တန်းပညာသင်ဆုများကို ချီးမြှင့်ပေးပြီး ဘက်စုံပညာထူးချွန်လူငယ်များကိုလည်း ရွေးချယ်ဂုဏ်ပြုချီးမြှင့်ပေးလျက်ရှိကြောင်း။

ဒီမိုကရေစီ အလေ့အကျင့်ကောင်းများကို မွေးမြူပေးနိုင်ရန် အခြေခံပညာကျောင်းများတွင် ကျောင်းကောင်စီအဖွဲ့များကို ဖွဲ့စည်းပေးလျက်ရှိကြောင်း၊ တစ်ဖက်တွင်လည်း လူမှုဝန်ထမ်းစိတ်ဓာတ်နှင့် ပရဟိတစိတ်ဓာတ်ကောင်းများကို လေ့ကျင့်ပုံလောင်းပေးနိုင်ရန် ကင်းထောက်လူငယ်အဖွဲ့များနှင့် ကြက်ခြေနီလူငယ်အဖွဲ့များ တိုးချဲ့ဖွဲ့စည်းပေးနေကြောင်း၊ အခြေခံပညာအဆင့်တွင် အခမဲ့ ပညာရေးအစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းမှာ ပညာအခြေခံကို လူတိုင်းရရှိပြီးအခြေခံပညာမှတစ်ဆင့် အဆင့်မြင့် ပညာရေးသို့လည်းကောင်း၊ အသက်မွေးဝမ်းကျောင်းပညာရေးသို့လည်းကောင်း၊ တက်လှမ်းနိုင်အောင် စီမံဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

အခြေခံပညာကျောင်းများတွင် တာဝန်ယူ သင်ကြားပေးနေကြသော အခြေခံပညာ ဆရာ ဆရာမများသည် ပညာအခြေခံကောင်းများနှင့်အတူ စည်းကမ်းအခြေခံကောင်း၊ စိတ်ဓာတ်အခြေခံကောင်းများကိုပါ သင်ကြား လေ့ကျင့်ပေးကြရမည်ဖြစ်ပါကြောင်း၊ အခြေခံပညာကို လူတိုင်းသင်ယူနိုင်ရေးနှင့် လူတိုင်းတတ်မြောက်ရန် အခြေခံကျသည့် အကြောင်းအရင်းမှာ ကျောင်းနေအရွယ်ကလေးအားလုံးကျောင်းနေနိုင်ရေးဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကိုကိုဦးသည် သင်တန်းသား သင်တန်းသူ၊ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးခဲ့သည်။ **(မြန်မာ့အလင်း)**

# စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် လေပြင်းများတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်း

**မုံရွာ မေ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့တွင် မေ ၁၂ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်မှစတင်ပြီး မိုးသည်းထန်စွာရွာသွန်းကာ လေပြင်းများတိုက်ခတ်ခဲ့သည်။

ယင်းသို့ လေပြင်းများတိုက်ခတ်ခြင်းကြောင့် ကသာမြို့ အမှတ်(၅)ရပ်ကွက် လမ်းမတော်လမ်း စိုက်ဘဏ်ရှေ့ရှိ ကြို့ပင်ကြီးမှာ အမြစ်မှကျွတ်ထွက်ကာ လဲပြိုခြင်းနှင့် သက်တမ်းရင့်သစ်ပင်ကြီးမှာလည်း သစ်ကိုင်းများကျိုးကျခဲ့သည်။

အလားတူ အမှတ်(၃)ရပ်ကွက် ကမ်းနားလမ်းတွင်လည်း ကြော်ငြာဆိုင်းဘုတ်များပြုတ်ကျခြင်း၊ သစ်ပင်သစ်ကိုင်းများ ကျိုးကျခြင်းများဖြစ်ပေါ်ခဲ့ပြီး ကသာမြို့နယ် ပြည်သာယာကျေးရွာတွင်လည်း ဓာတ်မီးတိုင်အချို့ လဲကျခြင်း၊ ကျေးရွာရှိ အမက (၈၆)ကျောင်းမှ ကျောင်းဆောင်အမိုးများ လန်ထွက်ခြင်းများဖြစ်ပေါ်ခဲ့သည်။

မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုအခြေအနေနှင့် ပတ်သက်ပြီး မြို့ခံတစ်ဦးက "မိုးရော လေရော တစ်ပြိုင်တည်းပဲ၊ လေလည်းတော်တော်တိုက်တယ်၊ ခန့်မှန်းကြာချိန် (၄၅)မိနစ်ခန့်တော့ရှိမယ်ထင်တယ်။ လူအသေအပျောက်တော့မကြားပါဘူး၊ သစ်ပင်တွေလဲတယ် တချို့နေရာတွေ ကျောင်းဆောင်အမိုးတွေ လန်တယ်၊ သစ်ကိုင်းတွေ ကျိုးတယ်၊ ဒါလောက်ပါပဲ" ဟု ပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**




# ကျောက်ချောလမ်းခင်း

**သဲကုန်း မေ ၁၂**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် ပုတီးကုန်းမြို့တွင် ပုတီးကုန်း-သင်ပုတ္တောင်ကျေးလက်ကျောက်ချောလမ်းဖွင့်ပွဲကို မေ ၁၀ ရက်က ကျင်းပရာ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်လူက ကျေးလက်လမ်း ဖောက်လုပ်ပေးရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

အဆိုပါ ကျောက်ချောလမ်းအား တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်စိုး၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာကျော်ဦးနှင့် သဲကုန်းမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဥမ္မာမို့မို့ဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးခဲ့သည်။

အဆိုပါ ကျောက်ချောလမ်းအား ငွေကျပ် ၂၃၂ ဒသမ ၃၀ သန်း အကုန်အကျခံ၍ ဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီးလမ်း အကျယ် ၁၂ ပေ၊ အရှည် သုံးမိုင် ၅ ဒသမ ၅ ဖာလုံရှိ ကျောက်ချောလမ်းဖြစ်ကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၂-၅-၂၀၁၅

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၀၁၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၆၀၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၀၃၅၀၀ |

### စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၅ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၆၄၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၉၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၁၀ |

### သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၃၇၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၄၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၇၀၀၀-၃၃၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၂၀၀-၉၅၀၀ |

### နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၃၅-၁၁၄၀ |
| ဥရောပ | တစ်ယူရို | ၁၂၄၀-၁၂၅၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၂၅-၈၃၅ |
| ထိုင်း | တစ်ဘတ် | ၃၄-၃၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၆.၈-၁၈ |
| တရုတ် | တစ်ယွမ် | ၁၇၅-၁၈၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၀-၃၀၈ |

### ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

| | | |
|---|---|---|
| နှမ်းဆန် (အသစ်) | တစ်အိတ် | ၁၈၀၀၀-၁၈၅၀၀ |
| ပေါ်ကျွဲ | တစ်အိတ် | ၂၆၅၀၀-၂၈၀၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၃၀၀၀၀-၃၅၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၅၀၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၇၅ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၂၇၅-၄၂၅ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၁၂၅၀-၁၆၅၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၂၄၀၀ |
| အာလူး(ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၄၈၀-၆၉၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၉၀၀-၃၀၀၀ |
| ငရုတ်ပွ (မြစ်ဝ) | တစ်ပိဿာ | ၅၀၀၀-၇၀၀၀ |
| သကြား | တစ်ပိဿာ | ၁၀၂၀-၁၀၅၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။

# ကမ္ဘာ့ဈေးကွက်၌ အော်ဂဲနစ်စိုက်ပျိုးရေးထုတ်ကုန်ဈေးကောင်းရ၍ သွင်းအားစုများ သုံးစွဲမှုလျှော့ချသင့်

**နေပြည်တော် မေ ၁၂**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဦးအုန်းမြင့်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၇ နာရီတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် စက်စက်ယိုဆည်ရေသောက်စနစ် တစ်ဆက်တစ်စပ်တည်း တောင်သူပညာပေးဇကေ ၉၀၀ စိုက်ခင်းရှိ မြန်မာနယူးဇရာကုမ္ပဏီ၏ အဆင့်မြင့်အအေးခန်းစနစ် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံသိုလှောင်ရုံ၌ မြန်မာရွှေသစ်သီးဝလံကုမ္ပဏီက ဆောင်ရွက်လျက်ရှိသည့် ပြည်ပပို့ကုန် စိန်တလုံးသရက်သီးများအား ခေတ်မီစက်များဖြင့် နိုင်ငံတကာအဆင့်မီ သန့်စင်ထုပ်ပိုးနေမှုကို လှည့်လည်ကြည့်ရှုသည်။

ထိုသို့ကြည့်ရှုရာတွင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်ကို လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား သိုလှောင်ရုံရှိ ရှင်းလင်းဆောင်၌ မြန်မာရွှေသစ်သီးဝလံကုမ္ပဏီမှ ဒါရိုက်တာများက မြန်မာစိန်တလုံး သရက်သီးများ ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေးလုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်၊ လက်ရှိပြည်ပဈေးကွက်အခြေအနေနှင့် တင်ပို့နေမှု၊ လုပ်ငန်းတိုးချဲ့ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်ပြီး ရာသီဥတုနှင့် ရေမြေအနေအထားအရ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့ရန် အသင့်တော်ဆုံး အနေအထားတွင်ရှိပါကြောင်း၊ ထိုသို့စိုက်ပျိုးထုတ်လုပ်ပြီး ပြည်ပသို့ တင်ပို့ရာတွင် စိုက်ပျိုးမှု၊ ထုပ်ပိုးမှု၊ ပို့ဆောင်မှုများကို မိရိုးဖလာနည်းလမ်းများအတိုင်းမဆောင်ရွက်ကြဘဲ ခေတ်မီနည်းပညာများအသုံးပြုကြရန် လိုအပ်ပါကြောင်း။

ထို့ကြောင့် တောင်သူများအား ခေတ်မီစိုက်ပျိုးရေး နည်းပညာများ စနစ်တကျ တတ်မြောက်စေရေးအတွက် စိုက်ပျိုးရေးနည်းပညာများ ဖြန့်ဝေပေးနိုင်ရေးနှင့် စိုက်ပျိုးရေးသင်တန်းကျောင်းများဖွင့်လှစ်နိုင်ရေးတို့အတွက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ပညာရှင်များနှင့် ဆက်သွယ်ပြီး ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာရွှေသစ်သီးဝလံကုမ္ပဏီမှ စိန်တလုံးသရက်သီးများ နိုင်ငံတကာအဆင့်မီ သန့်စင်ထုပ်ပိုးရန် ပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့အပြင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများသည် တစ်ခုနှင့်တစ်ခု အပြန်အလှန် အကျိုးပြုနေသောကြောင့် စိုက်ပျိုးရေးလုပ်ငန်းနှင့်အတူ မွေးမြူရေးလုပ်ငန်းများကို တွဲဖက်လုပ်ကိုင်ကြရန်နှင့် ကမ္ဘာ့ဈေးကွက်တွင် အော်ဂဲနစ်စိုက်ပျိုးရေးထုတ်ကုန်များသည် ဈေးကောင်းရရှိနိုင်သည့်အတွက်ပိုးသတ်ဆေးနှင့် ဓာတ်မြေသြဇာအပါအဝင် သွင်းအားစုများ သုံးစွဲမှုကို လျှော့ချသင့်ပါကြောင်း။ ထို့အပြင် ပြည်ပဈေးကွက်များသို့ တင်ပို့နေသည့် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ မူပိုင်ခွင့်မှတ်ပုံတင်ဖြင့် စနစ်တကျ တင်ပို့နိုင်ရေးဆောင်ရွက်သွားရန်လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ရှမ်းပြည်နယ် တောင်ပိုင်း ရပ်စောက်မြို့နယ် သရက်စိုက်ပျိုး ထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် စစ်ကိုင်းတိုင်းဒေသကြီး သရက်အစုအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မြင့်တို့က ဒေသအလိုက် သရက်စိုက်ပျိုးထုတ်လုပ်နိုင်မှု အခြေအနေနှင့်လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်သမ္မတက လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် သိုလှောင်ရုံအတွင်း ခင်းကျင်းပြသထားသည့် ပြည်ပပို့ကုန် စိန်တလုံးသရက်သီးများ၊ သရက်သီးအခြောက်ထုပ်များ၊ သရက်သီးအနှစ်ဘူးများနှင့် သယ်ယူပို့ဆောင်ရာတွင် အသုံးပြုသည့် KOSPA ကုမ္ပဏီမှ အအေးခန်း မော်တော်ယာဉ်ကို လှည့်လည်ကြည့်ရှုသည်။

မြန်မာရွှေသစ်သီးဝလံကုမ္ပဏီမှ မြန်မာစိန်တလုံးသရက်သီး၊ ဖရဲသီး၊ သခွားမွှေးတို့ကို ရာသီအလိုက် စင်ကာပူ၊ ဟောင်ကောင်၊ ဒူဘိုင်းနှင့် မလေးရှားနိုင်ငံများသို့ နေ့စဉ် တင်ပို့လျက်ရှိရာ ယခုအခါ မြန်မာစိန်တလုံးသရက်သီးများကို တစ်ရက်လျှင် ၁၀ တန် တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံဥပဒေကဏ္ဍ၌ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများဆွေးနွေး



**နေပြည်တော် မေ ၁၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် စင်ကာပူသမ္မတနိုင်ငံ ရှေ့နေချုပ်မစ္စတာ ဗွီကေ ရာဂျာ့ရှ် အက်စ်စီ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်း၊ ဦးရဲထွန်း၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော်စင်ကာပူသမ္မတနိုင်ငံ ရှေ့နေချုပ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး မစ္စတာ ရောဘတ်ချွာလည်း တက်ရောက်သည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ဥပဒေရေးရာကိစ္စရပ်များ၌ ပူးပေါင်းဆောင်ရွက်ရေး၊ တရားဥပဒေစိုးမိုးရေး၊ အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့်ပတ်သက်သည့် ပညာတော်သင်များ စေလွှတ်နိုင်ရေး၊ မြန်မာနိုင်ငံဥပဒေကဏ္ဍ၌ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ရင်းနှီးစွာဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

*❊ ကျောဖုံးမှ*

သုံးပွဲပြတ်တို့ဖြင့် အသီးသီး အနိုင်ရရှိခဲ့သည်။

ယင်းပြိုင်ပွဲကို မူလက အသင်း ၁၉ သင်း ယှဉ်ပြိုင်ရန် စာရင်းပေးသွင်းထားသော်လည်း အာဖဂန်နစ္စတန်၊ မလေးရှားအသင်းနှင့် တာ့ခ်မင်နစ္စတန်အသင်းတို့မှာ နုတ်ထွက်သွားခဲ့သည်။

ယင်းအတွက်ကြောင့် ပြိုင်ပွဲဝင် ၁၆ သင်းသာ ကျန်ရှိတော့ပြီး အုပ်စု(က)၌ မြန်မာ၊ ထိုင်း၊ မော်လ်ဒိုက်၊ ဆော်ဒီ၊ အုပ်စု(ခ)၌ အီရန်၊ ကာတာ၊ ဖိလစ်ပိုင်၊ အိန္ဒိယ၊ အုပ်စု(ဂ)၌ တရုတ်၊ ဗီယက်နမ်၊ တရုတ်(တိုင်ပေ)၊ သြစတြေးလျ၊ အုပ်စု(ဃ)၌ တောင်ကိုရီးယား၊ ဂျပန်၊ အင်ဒိုနီးရှားနှင့် ကာဇက်စတန်တို့ ပါဝင်ကြသည်။ ပြိုင်ပွဲဒုတိယနေ့ ပွဲစဉ်များကို မေ ၁၃ ရက် (ယနေ့) ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာနှင့် ထိုင်း၊ အီရန်နှင့် အိန္ဒိယ၊ ကာတာနှင့် ဖိလစ်ပိုင်၊ သြစတြေးလျနှင့် တရုတ်(တိုင်ပေ)၊ တရုတ်နှင့် ဗီယက်နမ်တို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

# ဒေသခံပြည်သူများထဲမှ အခြေခံစာမတတ်ကြသေးသူများ တတ်မြောက်အောင်သင်ယူ၊ တတ်မြောက်ပြီးသူများ ဆက်လက်လေ့လာဆည်းပူး

**နေပြည်တော် မေ ၁၂**

၂၀၁၅ ခုနှစ် အခြေခံစာတတ်မြောက်ရေးနေ့ လှုပ်ရှားမှုအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ အားကစားကွင်း၌ ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တက္ကသိုလ်များမှ ဆရာဆရာမများ၊ အခြေခံစာတတ်မြောက်ရေးလုပ်အားပေးအဖွဲ့ တက္ကသိုလ်ကျောင်းသားကျောင်းသူများနှင့် လုပ်အားပေး ဆရာ ဆရာမများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပညာရေးမိတ်ဖက် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတက အဖွင့်အမှာစကား ပြောကြားရာ၌ ယနေ့ကျင်းပသည့် အခမ်းအနားသည် အခြေခံမြန်မာစာတတ်မြောက်ရေး ကြိုးစားသင်ယူ နေကြသည့် ဟင်္သာတမြို့နယ်အတွင်းရှိ ရပ်ရွာပြည်သူလူထုများ၊ လုပ်အားပေး သင်ကြားပြသနေကြသော ဟင်္သာတတက္ကသိုလ်မှ ဆရာဆရာမ၊ ကျောင်းသား ကျောင်းသူများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများကို အားပေးချီးမြှင့်ရန် လာရောက်ခဲ့ခြင်း ဖြစ်ပါကြောင်း။

အခြေခံစာတတ်မြောက်ရေးဆိုသည်မှာ အခြေခံဖြစ်သည့်အရေး၊ အဖတ်၊ အတွက် သို့မဟုတ် အများသိထားကြသည့် "အ" သုံးလုံးကြေ စာသင်ကြားရေးလှုပ်ရှားမှုကို ဆိုလိုခြင်းဖြစ်ပါကြောင်း၊ စာတတ်သူများ စာများများဖတ်ပါက ဗဟုသုတများတိုးပွားပြီး ရှေ့ရေးကို ပို၍မြင်နိုင်ကြားနိုင်သည့်အတွက် မိမိတစ်ဦးချင်း အတွက်ရော၊ မိသားစုအတွက်ပါ၊ မိမိဒေသအတွက်ရော စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး စသည့် ဖွံ့ဖြိုးရေးကိစ္စရပ်များစွာကို အထောက်အကူ ရစေနိုင်မည်ဖြစ်ပါကြောင်း။

ထို့ပြင် တိုင်းပြည်နှင့်ယှဉ်ကြည့်မည်ဆိုလျှင်လည်း စာတတ်ပေတတ် ပညာတတ်များနှင့် ပြည်စုံသည့် တိုင်းပြည်၏ တိုးတက်ကြွယ်ဝချမ်းသာမှုသည် ယနေ့ကမ္ဘာတွင် ရှေ့ဆုံးတန်း၌ မားမားမတ်မတ်ရပ်တည်နေနိုင်သည်အထိ စာပေပညာက အထောက် အကူပြုနေပါကြောင်း၊ မြန်မာနိုင်ငံတွင် "အ" သုံးလုံးကြေ အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုကို ၁၉၆၄ ခုနှစ် နွေရာသီကျောင်းပိတ်ရက်အတွင်း မိတ္ထီလာမြို့နယ်မှ စတင်ခဲ့ကြောင်းကို မှတ်တမ်းအရ သိရှိရပါကြောင်း။

ဆက်လက်၍ နှစ်စဉ်နှစ်တိုင်း တစ်နိုင်ငံလုံးရှိ တက္ကသိုလ်၊ ကောလိပ်ကျောင်းသူ ကျောင်းသား၊ ဆရာဆရာမများ၏ ထက်သန်သည့်စေတနာဖြင့် သင်ကြားပြသပေးမှု၊ ပြည်သူများ၏ ကြိုးစားအားထုတ်သင်ယူမှုကြောင့် မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းကို အလျင်အမြန် တိုးတက်စေနိုင်ခဲ့ပါကြောင်း။

ထို့ကြောင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ချီးမြှင့်သည့် နိုင်ငံတကာအခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု ဂုဏ်ပြုဆုကြီးကို ၁၉၇၁ ခုနှစ်၌ တစ်ကြိမ်၊ ၁၉၈၃ ခုနှစ်တွင် တစ်ကြိမ်၊ နှစ်ကြိမ်တိုင်တိုင် ဆွတ်ခူးနိုင်ခဲ့ပါကြောင်း၊ ယခု ဒီမိုကရေစီခေတ်ကာလ အစိုးရသစ်လက်ထက်၌ အခြေခံစာတတ်မြောက်ရေး ကြိုးပမ်းမှုကို ၂၀၁၃ ခုနှစ်တွင် ပြန်လည်စတင်ခဲ့ပါကြောင်း၊ ထိုနှစ်၌ ပင် တက္ကသိုလ်ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမ ၂၀၀၀ ကျော်က စာမတတ်သူဦးရေ ၂၂၀၀၀ ကျော်ကိုလည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင် တက္ကသိုလ်ကျောင်းသား ကျောင်းသူ၊ ဆရာဆရာမ ၄၆၀၀ ကျော်က စာသင်သူပေါင်း ၄၆၀၀၀ ကျော်ကိုလည်းကောင်း သင်ကြားတတ်မြောက်စေခဲ့ပါကြောင်း။

ယခုနှစ် ၂၀၁၅ တွင် တက္ကသိုလ်ကျောင်းသူကျောင်းသား၊ ဆရာဆရာမ ၃၀၀၀ ကျော်က စာမတတ်သူပေါင်း ၂၆၀၀၀ ကျော်ကို ဧပြီ ၁ ရက်မှ စတင်သင်ကြားခဲ့ပြီး မေ ၁၅ ရက်တွင် အပြီးသတ်ကြမည်ဖြစ်ပါကြောင်း၊ ဟင်္သာတမြို့နယ်၏ ရပ်ကွက်ကျေးရွာများတွင် စာသင်ဝိုင်းပေါင်း ၉၂ ဝိုင်းကို ဟင်္သာတတက္ကသိုလ်မှ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူ ၉၉ ဦးတို့က သင်ယူသူပေါင်း ၆၂၀ ဦးအတွက် တွေးခေါ်မြော်မြင်တတ်မှု၊ လူမှုစီးပွားဘဝ မြင့်တက်လာမှုကို အထောက် အကူပြုနိုင်အောင် သင်ကြားပြသပေးနေပြီးဖြစ်ပါကြောင်း။

"အ" သုံးလုံးကြေ သင်တန်းအောင်မြင်ကြပြီး စာရေးစာဖတ်သည့် အလေ့အကျင့် ရရှိလာခြင်းအားဖြင့် အထွေထွေဗဟုသုတများ တိုးပွားပြီး အလိမ္မာစာမှာရှိဆိုသလို ပို၍ မျက်စိပွင့် နားပွင့်လာကြမည်ဖြစ်ပါကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် စက်တင်ဘာ ၈ ရက်နေ့ကို "အပြည်ပြည်ဆိုင်ရာ စာတတ်မြောက်ရေးနေ့" အဖြစ် သတ်မှတ်ပြီး နှစ်စဉ် ဒီနေ့ရောက်လာတိုင်း အခမ်းအနားများဖြင့် တစ်နိုင်ငံလုံး အခြေခံစာသင်ကြားမှုမြှင့်တင်ခြင်း၊ စာဖတ်ဝိုင်းများဖွင့်၍ စာဖတ်ပြိုင်ပွဲများကျင်းပခြင်း၊ ဆွေးနွေးဟောပြောခြင်းတို့ဖြင့် စာတတ်မြောက်ရေး အရှိန်အဟုန်ကို တိုးမြှင့်စေခဲ့ပါကြောင်း။

အခြေခံစာတတ်မြောက်အောင် သင်ကြားပြီး တတ်မြောက်ထားသည့် အရေး၊ အဖတ်၊ အတွက် ပညာများကို မေ့ပျောက်မသွားအောင် အမြဲတမ်းလေ့ကျင့်နေရန် လိုအပ်သကဲ့သို့ စာအုပ်စာပေများနှင့် အမြဲမပြတ် တစ်သက်လုံး ထိတွေ့ဖတ်ရှုနေရန်လည်း အထူးအရေးကြီးပါကြောင်း၊ ဒေသခံပြည်သူလူထုများထဲမှ လူကြီးလူငယ်မရွေး အခြေခံစာမတတ်ကြသေးသူများရှိပါက တတ်မြောက်အောင် ကြိုးပမ်းသင်ယူကြရန်နှင့် တတ်မြောက်ပြီးသူများ အနေဖြင့်လည်း ဆက်လက်လေ့လာဆည်းပူးသွားကြရန် တိုက်တွန်းလိုပါကြောင်း။

ယခုကဲ့သို့ မွန်မြတ်လှသည့် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုများတွင် စေတနာသဒ္ဓါတရား အပြည့်အဝနှင့် လုပ်အားပေးပါဝင်ကူညီကြသော တက္ကသိုလ်ကျောင်းသူကျောင်းသားများနှင့် ဆရာ ဆရာမများ၊ စာတတ်မြောက်ရေးအတွက် အစစ အရာရာ ပံ့ပိုးပေးကြသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ အားလုံးကို နိုင်ငံတော်က လှိုက်လှိုက်လှဲလှဲ အထူးကျေးဇူးဥပကာရ တင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က ဧရာဝတီတိုင်းဒေသကြီးအတွင်း အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက ဒုတိယသမ္မတအား အခြေခံစာတတ်မြောက်ရေးအထိမ်းအမှတ် လက်ဆောင်ပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတက ဟင်္သာတမြို့နယ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုအတွက် ဆိုလာမီးအိမ် အလုံး ၁၀၀ ကို ဟင်္သာတခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဌေးထံ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးများက ကျောင်းသားကျောင်းသူများ၊ လုပ်အားပေး ဆရာဆရာမများနှင့် စာတတ်မြောက်ရေးလှုပ်ရှားမှုအဖွဲ့များအတွက် ထောက်ပံ့ရေးပစ္စည်းများနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် စာသင်ဝိုင်းများတွင် လုပ်အားဒါနပြုကြသော တက္ကသိုလ်ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသားတစ်ဦးနှင့် ဒေသခံပြည်သူများကိုယ်စား စာသင်သားတစ်ဦးတို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

ထို့နောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ဦးစီးဌာနများနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးပြခန်း၊ အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု ဆိုင်ရာ ပညာပေးပြခန်းများနှင့် စာဖတ်ဝိုင်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဟင်္သာတမြို့ ပြည်သူ့ ဆေးရုံကြီးသို့ ရောက်ရှိကြပြီး သားဖွားဆောင်နှင့် ခွဲစိတ်ကုသဆောင်၊ အရိုးကုသဆောင်၊ ခွဲစိတ်ခန်းနှင့် ဆေးရုံပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် စိမ်းလန်းစိုပြည်ရေးဆောင်ရွက်ထားမှုတို့အား လှည့်လည်ကြည့်ရှုစစ်ဆေး၍ ဆေးရုံတက်ရောက် ကုသမှုခံယူနေကြသည့် လူနာများအား ရင်းရင်းနှီးနှီး လိုက်လံအားပေး စကားပြောကြားခဲ့သည်။

**(သတင်းစဉ်)**



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုဆိုင်ရာ ပညာပေးပြခန်းများနှင့် စာဖတ်ဝိုင်းများအား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

## မြန်မာနိုင်ငံမှ ဗုဒ္ဓဂယာဘုရားဖူးများ အဆင်ပြေချောမွေ့စွာ ဘုရားဖူးသွားရောက်နိုင်ရေးကိစ္စများဆွေးနွေး

**နေပြည်တော် မေ ၁၂**

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr.Gautam Mukhopadhaya အား ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာနရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ဇွန် ၂၁ ရက်တွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှကြီးမှူး၍ အပြည်ပြည်ဆိုင်ရာ ယောဂနေ့ကျင်းပမည့် အခြေအနေများ၊ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြား သာသနာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် မြန်မာနိုင်ငံမှ ဗုဒ္ဓဂယာဘုရားဖူးများ အဆင်ပြေချောမွေ့စွာ ဘုရားဖူးသွားရောက်နိုင်ရေးကိစ္စများ စသည်တို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေး၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံးမှ အမြဲတမ်းအတွင်းဝန် ဦးခိုင်အောင်၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမြင့်ဦး၊ ညွှန်ကြားရေးမှူး ဦးတင်အောင်ထွန်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

## နေရာကွက်ကျားမိုးရွာနိုင်

**နေပြည်တော် မေ ၁၂**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် မိုးဆက်လက် ထစ်ချုန်းရွာမည်။

ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၅ ဒီဂရီ စင်တီဂရိတ်၊ မင်းဘူးမြို့၊ မကွေးမြို့နှင့် အောင်လံမြို့တို့တွင် ၄၃ ဒီဂရီ စင်တီဂရိတ် စီတို့ဖြစ်ကြသည်။

**(မိုး/ဇလ)**

## နီပေါနိုင်ငံကို ဗဟိုပြု၍ အင်အားပြင်းထန်သော ငလျင်လှုပ်

**နေပြည်တော် မေ ၁၂**

မေ ၁၂ ရက် မြန်မာစံတော်ချိန် ၁၃နာရီ ၄၁မိနစ် ၂၈ စက္ကန့် အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၇၄၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်ပ နီပေါနိုင်ငံကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၇ ဒသမ ၂ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်သွားကြောင်း တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနမှထုတ်ပြန်ချက်အရ သိရသည်။

**(မြန်မာ့အလင်း)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**



# လူဦးရေထူထပ်သိပ်သည်းလာမည့် နောင်အနာဂတ်ကမ္ဘာ့မြို့ကြီးများ၏ အဓိကစိန်ခေါ်မှုများ

ထွန်းတောက်

**လူဦးရေ သန်း ၂၀ ကျော်**

နောင်အနာဂတ်တွင် ကမ္ဘာ့လူဦးရေအလွန်များပြားမြင့်တက်လာမည်ဖြစ်ရာ လူဦးရေသန်း ၂၀ ကျော်နှင့်အထက်ရှိသည့် ကမ္ဘာ့မြို့ကြီးများတွင် ရာဇဝတ်မှုများ ပိုမိုမြင့်မားလာနိုင်သည့်အတွက် အာဏာပိုင်များက ထိန်းချုပ်နိုင်စွမ်းမရှိခဲ့လျှင် အပြစ်မဲ့ပြည်သူများ၏ ဘဝအန္တရာယ်ကျရောက်နိုင်ပေသည်။

ယနေ့ပစ္စုပ္ပန်ကာလတွင် ကမ္ဘာပေါ်၌လူဦးရေသန်း ၂၀ နှင့်အထက်ရှိသည့် မြို့ကြီး ၂၄ မြို့ရှိနေပြီး အနာဂတ်တွင် ပိုမိုများပြားလာနိုင်သည်ဟု နိုင်ငံရေးလေ့လာသူတို့က သုံးသပ်ဝေဖန်သည်။

ကုလသမဂ္ဂအဖွဲ့၏ခန့်မှန်းချက်အရ ၂၀၃၀ ပြည့်နှစ်တွင် လူဦးရေထူထပ်သော ကမ္ဘာ့မြို့ကြီးများ အလျှိုလျှိုပေါ်ထွက်လာပြီး မြို့ကြီးများတွင်နေထိုင်သည့် လူဦးရေမှာ ၃ ဒသမ ၆ ဘီလျံမှသည် ၅ ဘီလျံအထိမြင့်တက်လာမည်ဟု ဖော်ပြထားသည်။ တစ်နည်းအားဖြင့် ကမ္ဘာ့လူဦးရေ၏ ၆၀ ရာခိုင်နှုန်းမှာ မြို့ကြီးများတွင်နေထိုင်ကြသည်ဟု ကုလသမဂ္ဂအဖွဲ့က တွက်ချက်ပြသည်။

နိုင်ငံရေးသုတေသီများက လူဦးရေများပြားသိပ်သည်းသော ကမ္ဘာ့မြို့ကြီးများ၌ ဖြစ်ပေါ်နိုင်သော ပြဿနာများတွင် လူဦးရေ များပြားပေါက်ကွဲလာခြင်း၊ လူတစ်ဦးချင်းစီ၌ ဝင်ငွေမမျှတမှုကြီးထွားလာခြင်း၊ လုံခြုံမှုနှင့်တရားဥပဒေစိုးမိုးမှု အားနည်းလာခြင်း၊ လူမှုရေးမမျှတမှုများဖြစ်ပေါ်လာခြင်း၊ ဖြုတ်ချခံရသည့် အာဏာရှင်ဟောင်းများနှင့် အစွန်းရောက်များအတွက် လှုပ်ရှားတက်ကြွရန် အကောင်းဆုံးပတ်ဝန်းကျင် အခင်းအကျင်းဖြစ်လာခြင်းစသည်တို့မှာ အဓိကစိန်ခေါ်မှုများပင်ဖြစ်သည်ဟု ဝေဖန်သုံးသပ် ပြောကြားကြသည်။

အဆိုးဆုံးအခြေအနေမှာ လူဦးရေထူထပ်သိပ်သည်းသည့် အနာဂတ်မြို့ကြီးများတွင် ဘာသာရေးအစွန်းရောက်အကြမ်းဖက်သမားများနှင့် ဒုစရိုက်သမားများသည် ပြည်သူလူထုအတွင်း၌ ရောထွေးနေထိုင်ကာ အင်အားကြီးထွား လွှမ်းမိုးချယ်လှယ်လာနိုင်ပြီး အုပ်ချုပ်သူများက တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို မဖော်ဆောင်နိုင်ခဲ့ပါက အပြစ်မဲ့မြို့ပြပြည်သူများ ဘေးအန္တရာယ်ကျရောက်နိုင်ပေသည်။

အနာဂတ် Megacities ဟုခေါ်သည့် ကမ္ဘာ့မြို့ကြီးများတွင် တရားဥပဒေစိုးမိုးတည်ငြိမ်ရေးအတွက် အင်အားတောင့်တင်းခိုင်မာသော ရဲတပ်ဖွဲ့ကို ဖွဲ့စည်းလေ့ကျင့်ထူထောင်ရမည်ဖြစ်သကဲ့သို့ အမျိုးသားအစောင့်တပ်ဖွဲ့ (National Guards) နှင့် လုံခြုံရေးတပ်ဖွဲ့(တပ်မတော်)တို့ကလည်း ဝိုင်းဝန်းကူညီထိန်းသိမ်းနိုင်ရန် အသင့်ထားရှိရန် လိုအပ်နေပါသည်ဟု နိုင်ငံရေးပညာရှင်တို့က ဆိုသည်။

သို့သော် လူဦးရေအလွန်များပြားသိပ်သည်းထူထပ်သည့် ကမ္ဘာ့မြို့ကြီးများတွင် မည်သည့်တပ်မတော်မျှ တရားဥပဒေစိုးမိုးစေရန် ဆောင်ရွက်ဖူးသည့် အတွေ့အကြုံအလေ့အကျင့် မရှိခဲ့ဟု နိုင်ငံရေးပညာရှင်တို့က ဆိုသည်။

ကမ္ဘာ့အင်အားကြီးနိုင်ငံများဖြစ်သည့် အမေရိကန်၊ ရုရှားနှင့်တရုတ်တပ်မတော်များကိုယ်တိုင်ပင် လူဦးရေအလွန်ထူထပ်သည့် မြို့ကြီးများကို ဝင်ရောက်ထိန်းသိမ်းနိုင်စွမ်းရှိသည့် စစ်ရေးနှင့်စစ်ဗျူဟာ အတွေ့အကြုံများ မရှိသေးပေ။

လူဦးရေထူထပ်သော မြို့ကြီးများတွင် လူထုနှင့်ရောထွေးနေသော အစွန်းရောက်အကြမ်းဖက်သမားများနှင့် ဒုစရိုက်ဂိုဏ်းများ ဖြိုခွင်းရာတွင် အပြစ်မဲ့ပြည်သူများစွာ ထိခိုက်သေကျေပျက်စီးနိုင်သည်။

ဥပမာအားဖြင့် အစ္စရေးနှင့်ဂါဇာစစ်ပွဲများကို လေ့လာသုံးသပ်ကြည့်လျှင် ဂါဇာပြည်သူများနှင့်ရောနှော၍ ကိုယ်ဖျောက် နေသည့် ဟားမာ့စ်စစ်သွေးကြွစခန်းများကို အစ္စရေးလေတပ်က ဗုံးကြဲတိုက်ခိုက်ရာတွင် လူနေအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဗလီဝတ်ကျောင်းနှင့် ဆေးရုံများ ပျက်စီးခံခဲ့ရပြီး အပြစ်မဲ့ပြည်သူများစွာသေကျေပျက်စီးခဲ့ရသည့် သာဓကများကို တွေ့ရှိနိုင်ပေသည်။

**မြို့ကြီးများဆိုင်ရာ စစ်ဗျူဟာ**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ လူဦးရေမှာ ၁ ဒသမ ၃ ဘီလျံကျော်ရှိ၍ ကမ္ဘာပေါ်တွင် လူဦးရေအများဆုံးနိုင်ငံဖြစ်သောကြောင့် တရုတ်နိုင်ငံ၏ ပြည်နယ်များ မြို့ကြီးများတွင် အကြမ်းဖက်မှုများ၊ ရာဇဝတ်မှုများနှင့် အဂတိလိုက်စားမှုများကို ပြင်းထန်သော ဥပဒေများပြဋ္ဌာန်းချမှတ်၍ အရေးယူနှိမ်နင်းဆောင်ရွက်လျက်ရှိသည်။

အနောက်ဘက်ရှင်ကျန်ပြည်နယ်တွင် အစ္စလာမ်အစွန်းရောက်အကြမ်းဖက်သမားများကို နှိပ်ကွပ်နှိမ်နင်းနိုင်ရန်အတွက် တရုတ်အထူးလုံခြုံရေးတပ်ဖွဲ့များ သီးသန့်ဖွဲ့စည်းကာ အရေးယူဆောင်ရွက်လျက်ရှိနေသည်။

လူဦးရေအလွန်ထူထပ်များပြားသော တရုတ်နိုင်ငံ၏ မြို့ကြီးများတွင် အကြမ်းဖက်မှုများနှင့်ဒုစရိုက်မျိုးစုံကို အောင်မြင်စွာ နှိမ်နင်းနိုင်သည့် အထူးလုံခြုံရေးတပ်ဖွဲ့များ၏ ဗျူဟာမှာစံပြအဖြစ် အတုယူလောက်အောင်ပင် အောင်မြင်မှုရရှိလျက်ရှိသည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် အနာဂတ်ကမ္ဘာ့မြို့ကြီးများဆိုင်ရာ လုံခြုံရေးဆောင်ရွက်မှု ဗျူဟာများကို ဆွေးနွေးနိုင်ရန် အမေရိကန်တပ်မတော် အထူးစစ်ဆင်ရေးကွပ်ကဲမှုအဖွဲ့၊ မဟာဗျူဟာလေ့လာရေးအဖွဲ့နှင့် ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာန၏ ကိုယ်စားလှယ်အဖွဲ့တို့သည်လည်း တွေ့ဆုံညှိနှိုင်းခဲ့ကြသည်ဟု သိရှိရသည်။

ကမ္ဘာ့မြို့ကြီးများဆိုင်ရာ စစ်ဆင်ရေး၏အတိုင်းအဆနှင့် အကျယ်အပြန့် ပမာဏကိုလည်းကောင်း၊ စစ်ဆင်ရေးအမျိုးအစားများကိုလည်းကောင်း ၎င်းညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးခဲ့ကြသည်ဟု သိရသည်။

နောင်အနာဂတ်တွင် အာရှတိုက်၊ အမေရိကတိုက်၊ အာဖရိကတိုက်နှင့် ဥရောပတိုက်ကြီးများတွင် ပိုမို၍လူဦးရေ သိပ်သည်းများပြားထူပြောလာမည်ဖြစ်သည့်အတွက် လူဦးရေပေါက်ကွဲမှုနှင့်အတူ ဒုစရိုက်မှုများ၊ အကြမ်းဖက်မှုများမြင့်တက်လာမည်သာဖြစ်၍ ထိုကဲ့သို့ ကမ္ဘာ့မြို့ကြီးများကို ထိန်းချုပ်နိုင်ရန်အတွက် နိုင်ငံအသီးသီး၏အာဏာပိုင်များက ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားသင့်ပြီဖြစ်သည်။

> **အနာဂတ် Megacities ဟုခေါ်သည့် ကမ္ဘာ့မြို့ကြီးများတွင် တရားဥပဒေစိုးမိုးတည်ငြိမ်ရေးအတွက် အင်အားတောင့်တင်းခိုင်မာသော ရဲတပ်ဖွဲ့ကို ဖွဲ့စည်းလေ့ကျင့်ထူထောင်ရမည်ဖြစ်သကဲ့သို့ အမျိုးသားအစောင့်တပ်ဖွဲ့ (National Guards) နှင့် လုံခြုံရေးတပ်ဖွဲ့ (တပ်မတော်)တို့ကလည်း ဝိုင်းဝန်းကူညီထိန်းသိမ်းနိုင်ရန် အသင့်ထားရှိရန် လိုအပ်…**

## အမေရိကန်အစည်းအဝေးများကို မတက်ရောက်နိုင်သည့်အတွက် ဝမ်းနည်းကြောင်း ဆော်ဒီဘုရင်ပြောကြား

**ဝါရှင်တန် မေ ၁၂**

ဆော်ဒီအာရေဗျဘုရင် ဆယ်လ်မန်အဗ္ဗဒူလာဇစ် အယ်လ်ဆော့ဒ်သည် တနင်္လာနေ့က အမေရိကန် သမ္မတ ဘားရက်အိုဘားမားကို ယခုအပတ်တွင် ဝါရှင်တန်ရှိ အစည်းအဝေးများကို မလာရောက်နိုင်သည့်အတွက် ဝမ်းနည်းရသည်ဟုဆိုကာ ဖော်ပြခဲ့ကြောင်း အိမ်ဖြူတော်က ပြောခဲ့သည်။

ဘုရင် ဆယ်လ်မန်က အမေရိကန်ပြည်ထောင်စုနှင့် အခြားပင်လယ်ကွေ့ နိုင်ငံများအကြား တွေ့ဆုံဆွေးနွေးပွဲအတွက် အိမ်ရှေ့မင်းသား မိုဟာ မက်ဘင်နာရစ်ဖ်နှင့် ဒုတိယအိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်လ်မန်တို့ကိုလွှတ်လိုက်ကြောင်း ဖုန်းဆက်အတည်ပြုပြောကြားခဲ့သည်။ အမေရိကန်သမ္မတ အိုဘားမားသည် ပထမအိမ်ဖြူတော်၌ ပင်လယ်ကွေ့အဖွဲ့ဝင်နိုင်ငံများ (ဂျီစီစီ)ကို တွေ့ဆုံရန် ဗုဒ္ဓဟူးနေ့က စီစဉ်ခဲ့ပြီးနောက်တွင် မေရီလန်းပြည်နယ် ဒေးဗစ်စခန်းတွင် တွေ့ဆုံရန်စီစဉ်ခဲ့သည်။ တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောဆိုရာတွင် ဘုရင်ဆယ်လ်မန်နှင့် သမ္မတ အိုဘားမားတို့သည် အဖွဲ့ဝင်နိုင်ငံများကြား ရင်ဆိုင်နေရသော ခြိမ်းခြောက်မှုအန္တရာယ်များကို ပူးပေါင်းဖြေရှင်းရန်နှင့် ဒေသတွင်းနိုင်ငံများ၏ ပဋိပက္ခများကို ကူညီဖြေရှင်းပေးရန်တို့ ပါဝင်သည်။ **(ဆင်ဟွာ)**






# အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးဥပဒေတစ်ရပ် ရေးဆွဲချမှတ်နိုင်ရေး ပူးပေါင်းပါဝင်ဆောင်ရွက်

**နေပြည်တော် မေ ၁၂**

အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဉာဏ်ထွန်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကို၊ ဦးရဲထွဋ်၊ ဦးကျော်လွင်၊ ဦးသန်းဌေး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။



ဒုတိယသမ္မတ ဦးဉာဏ်ထွန်း အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ဒုတိယသမ္မတက ကမ္ဘာတစ်ဝန်း ထိခိုက်ဒဏ်ရာရရှိမှုဖြစ်ပွားရခြင်း အကြောင်းရင်းများကို လေ့လာရာတွင် ယာဉ်မတော်တဆမှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှုသည် ၂၂ ဒသမ ၈ ရာခိုင်နှုန်း၊ အကြမ်းဖက်မှုများကြောင့် ၁၀ ဒသမ ၈ ရာခိုင်နှုန်း၊ အခြားအကြောင်းအရင်းများကြောင့် ၁၈ ဒသမ ၁ ရာခိုင်နှုန်းခန့်၊ စစ်ပွဲများကြောင့် ၃ ဒသမ ၄ ရာခိုင်နှုန်းခန့်ရှိရာ ယာဉ်မတော်တဆမှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှုသည် အများဆုံးဖြစ်သည်ကို တွေ့ရှိရပါကြောင်း။

နှစ်စဉ်ကမ္ဘာတစ်ဝန်းလုံး၌ ယာဉ်မတော်တဆမှုကြောင့် လူဦးရေ ၁ ဒသမ ၂ သန်းထက် ကျော်လွန်၍ အသက် ဆုံးရှုံးနေရပြီး ထိုကဲ့သို့ ထိခိုက် သေဆုံးမှုများကြောင့် စုစုပေါင်း ပြည်တွင်း အသားတင်ထုတ်လုပ်မှု၏ ၃ ရာခိုင် နှုန်းမှ ၄ ရာခိုင်နှုန်းအထိ ဆုံးရှုံးမှု ဖြစ်ပေါ်လျက်ရှိကြောင်း။

ယခုနှုန်းထားအတိုင်း ဆက်သွားပါက လာမည့် ၂၀၅၀ ခုနှစ်တွင် ကမ္ဘာတစ်ဝန်းလုံး၌ ယာဉ်မတော်တဆမှုများကြောင့် အသက်ဆုံးရှုံးသူဦးရေ ၅ သန်းခန့် ရှိမည်ဟု ခန့်မှန်းထားပါကြောင်း၊ ထို့ကြောင့် ရုရှားနိုင်ငံ မော်စကိုမြို့၌ ၂၀၀၉ ခုနှစ် နိုဝင်ဘာ ၁၉ ရက်မှ ၂၀ ရက်အထိ ကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ဝန်ကြီးအဆင့်အစည်းအဝေးကို ကျင်းပခဲ့ရာ နိုင်ငံပေါင်းတစ်ရာကျော်ပါဝင်တက်ရောက်ခဲ့ကြောင်း၊ ထိုအစည်းအဝေးဆုံးဖြတ်ချက်အရ ကုလသမဂ္ဂအဖွဲ့မှကြီးမှူး၍ ၂၀၁၁ ခုနှစ် မေ ၁၁ ရက်တွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် တက်ကြွလှုပ်ရှားသော ဆယ်စုနှစ် (၂၀၁၁ - ၂၀၂၀)ကို ချမှတ် ဆောင်ရွက်ခဲ့ပါကြောင်း၊ အလားတူအာဆီယံနိုင်ငံများတွင်လည်း လမ်းအန္တရာယ်ကင်းရှင်းရေးစီမံချက်(၂၀၁၂-၂၀၂၀)ကို ချမှတ်ခဲ့ပါကြောင်း၊ ၎င်းကိုအခြေခံ၍ မိမိတို့နိုင်ငံတွင်လည်း မြန်မာနိုင်ငံ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးစီမံချက် (၂၀၁၄-၂၀၂၀)ကို ရေးဆွဲ ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတကာတွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအတွက် 5 E's System ဖြစ်သည့် လမ်းဒီဇိုင်းယာဉ်ဒီဇိုင်းတို့နှင့် ပတ်သက်၍ စက်မှုပိုင်းဆိုင်ရာ နည်းပညာများကောင်းမွန်ခြင်း(Engineering)၊ ဘေးကင်းလုံခြုံမှုဆိုင်ရာ အသိပညာပေးခြင်း (Education)၊ လမ်းများ၊ မော်တော်ယာဉ်များ၊ ယာဉ်မောင်းများနှင့် ခရီးသည်များ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများအားလုံး လွှမ်းခြုံမိစေသော ဥပဒေများပြဋ္ဌာန်းပြီး ဥပဒေအာဏာ သက်ရောက်စေခြင်း (Enforcement)၊ ယာဉ်မတော်တဆမှု ဖြစ်ပွားပြီးနောက် အရေးပေါ်အခြေအနေများတွင် ကယ်ဆယ်ကုသမှုဆောင်ရွက်ခြင်း(Emergency Care)နှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးလုပ်ငန်းစဉ်တစ်ခုလုံးအား စောင့်ကြည့်အကဲဖြတ်သုံးသပ်ခြင်း (Evaluation)တို့ကို ဆောင်ရွက်လျက် ရှိပါကြောင်း။


အလားတူ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် အကောင်အထည်ဖော်ရမည့် လုပ်ငန်းစဉ် ၇ ရပ် (7 S Model)မှာ နည်းဗျူဟာ (Strategy)၊ ဖွဲ့စည်းတည်ဆောက်ပုံ (Structure)၊ ကျွမ်းကျင်မှုအရည်အသွေး(Skills)၊ လမ်းစည်းကမ်းများသိရှိနားလည် လိုက်နာကျင့်သုံးခြင်း (Shared Culture)၊ လမ်းအသုံးပြုမှုနည်းစနစ်များ(Systems)၊ စည်းကမ်းထိန်းသိမ်းရေး အဖွဲ့များ (Staff)နှင့် လမ်းအသုံးပြုသူများ အန္တရာယ်ကင်းရှင်းရေး ပုံစံများ (Style) တို့ကို ထည့်သွင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

အဆိုပါလုပ်ငန်းစဉ်များ အောင်မြင်စေရန် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် မူဝါဒနှင့်ဥပဒေများ မှန်ကန်စွာသတ်မှတ်ပေးနိုင်ခြင်း (Policies)၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အလေ့အထကောင်းများရှိခြင်း (Practice)၊ လမ်းအသုံးပြုသူ ပြည်သူများအသိနှင့် သတိရှိမှု(People)၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် အားလုံးပူးပေါင်းပါဝင်မှု (Participation)တို့ လိုအပ်ပါကြောင်း။

**"ယာဉ်မတော်တဆဖြစ်မှု"** ဆိုသည်မှာ တာဝန်ရှိသူများနှင့် ပြည်သူလူထုတို့ ပူးပေါင်းပြီး ကာကွယ်တားဆီးနိုင်သောကိစ္စဖြစ်သည့်အတွက် အထက်ဖော်ပြပါ မူဝါဒလုပ်ငန်းစဉ်နှင့် ဥပဒေများအားလုံးအကျုံးဝင်ပါဝင်ပတ်သက်သည့် **"အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးဥပဒေတစ်ရပ်"** ကို ရေးဆွဲချမှတ်နိုင်ရေးအတွက် ပါဝင်ပတ်သက်သည့် ဌာနဆိုင်ရာ၊ အဖွဲ့အစည်းအသီးသီးမှ ပူးပေါင်းပါဝင်ဆောင်ရွက်သွားရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

မြန်မာနိုင်ငံတွင် ၂၀၀၃ ခုနှစ်က မှတ်ပုံတင်မော်တော်ယာဉ်စီးရေ ၄၇၆၃၅၀၌ ယာဉ် တိုက်မှုပေါင်း ၅၃၆၉ မှုရှိခဲ့ပြီး လူဦးရေ ၁၁၇၁ ဦးသေဆုံးမှုရှိခဲ့ပြီး မော်တော်ယာဉ်တစ်သောင်းလျှင် သေဆုံးမှုနှုန်း ၂၄ ဒသမ ၅၈ ရာခိုင်နှုန်းနှင့် လူဦးရေတစ်သောင်းလျှင် ၂ ဒသမ ၂၀ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် မှတ်ပုံတင်မော်တော်ယာဉ်စီးရေ ၄၉၀၇၅၉၁ စီး၌ ယာဉ်တိုက်မှုပေါင်း ၁၄၉၉၇ မှုတွင် လူဦးရေ ၄၃၁၃ ဦး သေဆုံးမှုရှိခဲ့သဖြင့် မော်တော်ယာဉ် တစ်သောင်းလျှင် သေဆုံးမှုနှုန်း ၈ ဒသမ ၇၉ ရာခိုင်နှုန်းနှင့် လူဦးရေ တစ်သောင်းလျှင် ၆ ဒသမ ၅၀ ရာခိုင်နှုန်းခန့်သေဆုံးမှုရှိခဲ့ရာ ၂၀၀၃ ခုနှစ်နှိုင်းယှဉ်ပါက ယာဉ်တိုက်မှုပေါင်း ၃ ဆခန့်နှင့် ယာဉ်မတော်တဆမှုကြောင့် လူသေဆုံးမှုသည် ၄ ဆခန့်အထိ မြင့်တက်လာခဲ့သည်။

၂၀၁၃ ခုနှစ်အတွင်းဖြစ်ပွားသော ယာဉ်တိုက်မှုကြောင့် လူသေဆုံးမှုအခြေအနေပြပုံ




ယာဉ်တိုက်မှုကြောင့်သေဆုံးမှုအညွှန်းကိန်းပြဇယား (၂၀၀၃-၂၀၁၄)

| ခုနှစ် | မှတ်ပုံတင် မော်တော်ယာဉ် စီးရေ | ယာဉ်တိုက်မှု ပေါင်း | သေဆုံးသူ ပေါင်း | မော်တော်ယာဉ် ၁၀၀၀၀ လျှင် သေဆုံးနှုန်း | လူဦးရေ ၁၀၀၀၀၀ လျှင် သေဆုံးနှုန်း |
|---|---|---|---|---|---|
| ၂၀၀၃ | ၄၇၆၃၅၀ | ၅၃၆၉ | ၁၁၇၁ | ၂၄.၅၈ | ၂.၂၀ |
| ၂၀၀၄ | ၉၆၀၃၄၁ | ၅၉၀၅ | ၁၂၉၄ | ၁၃.၄၇ | ၂.၃၈ |
| ၂၀၀၅ | ၉၇၈၅၂၂ | ၅၇၅၅ | ၁၂၈၃ | ၁၃.၁၁ | ၂.၃၂ |
| ၂၀၀၆ | ၉၉၁၅၆၆ | ၆၇၇၈ | ၁၃၆၂ | ၁၃.၇၄ | ၂.၄၁ |
| ၂၀၀၇ | ၁၀၁၂၃၇၂ | ၆၉၃၉ | ၁၆၃၈ | ၁၅.၈၇ | ၂.၈၄ |
| ၂၀၀၈ | ၁၉၉၄၃၅၈ | ၇၂၀၄ | ၁၈၅၃ | ၉.၂၉ | ၃.၁၅ |
| ၂၀၀၉ | ၂၀၆၇၈၃၉ | ၈၄၆၁ | ၂၁၇၃ | ၁၀.၅၁ | ၃.၆၂ |
| ၂၀၁၀ | ၂၂၉၈၆၇၇ | ၉၀၂၀ | ၂၄၆၁ | ၁၀.၇၁ | ၄.၁၀ |
| ၂၀၁၁ | ၂၃၅၄၂၇၅ | ၁၀၁၂၃ | ၂၇၉၆ | ၁၁.၈၈ | ၄.၄၉ |
| ၂၀၁၂ | ၃၆၁၄၂၅၆ | ၁၁၆၇၅ | ၃၄၂၂ | ၉.၄၇ | ၅.၄၅ |
| ၂၀၁၃ | ၄၀၁၆၇၅၇ | ၁၃၉၀၂ | ၃၇၂၀ | ၉.၂၆ | ၅.၇၂ |
| ၂၀၁၄ | ၄၉၀၇၅၉၁ | ၁၄၉၉၇ | ၄၃၁၃ | ၈.၇၉ | ၆.၅၀ |

ထို့နောက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့် ဦးသန်းဌေးတို့က ယာဉ်စည်းကမ်းထိန်းသိမ်းရေးနှင့် အသိပညာပေးရေး လုပ်ငန်းဆောင်ရွက်ထားရှိမှုများနှင့် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ ဖြစ်ပေါ်လာမှုနှင့် ယာဉ်အန္တရာယ် လမ်းအန္တရာယ်ကင်းရှင်းရေး စီမံဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးချန်မောင်က ၂၀၁၄ - ၂၀၂၀ ခုနှစ် ယာဉ်အန္တရာယ် လမ်းအန္တရာယ်ကင်းရှင်းရေးစီမံချက်အား ရှင်းလင်းတင်ပြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မောင်ဆွေက ဆပ်ကော်မတီများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ယာဉ်အန္တရာယ် လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီများဖွဲ့စည်းနိုင်ရေးအဆိုပြုတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးများက မိမိတို့သက်ဆိုင်ရာ ကဏ္ဍများအလိုက် အသီးသီးရှင်းလင်းတင်ပြကြသည်။

ထို့နောက် ကောင်စီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဉာဏ်ထွန်းက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းခဲ့သည်။

နှစ်စဉ်လူသေဆုံးမှုကို စီမံချက်ကာလအတွင်း ၅၀ ရာခိုင်နှုန်း လျှော့ချစေခြင်းဖြင့် လူ့အသက်ပေါင်းများစွာအား ကယ်တင်ရန်၊ သေဆုံးမှုနှုန်းသည် ၂၀၁၃ခုနှစ်တွင် မော်တော်ယာဉ်စီးရေ တစ်သောင်းလျှင် လူ ၉ ဒသမ ၂၆ ဦး သေဆုံးနေသည့်နှုန်းမှ ၂၀၂၀ ခုနှစ်တွင် သေဆုံးမှုနှုန်း ၅၀ ရာခိုင်နှုန်းအထိ လျှော့ချရန်၊ တစ်ပြည်လုံးတွင် မော်တော်ဆိုင်ကယ်စီးသူအားလုံး ဆိုင်ကယ်စီး ဦးထုပ်ဆောင်းစေရန်၊ တစ်ပြည်လုံးတွင် မော်တော်ယာဉ်အသုံးပြုသူ ၇၀ ရာခိုင်နှုန်းအား အသက်ကယ်ခါးပတ် ပတ်စေရန်နှင့် ယာဉ်မောင်းလိုင်စင်မဲ့ မောင်းနှင်နေမှုများ ပပျောက်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးစီမံချက်(၂၀၁၄-၂၀၂၀)ကို ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



# ဒုတိယသမ္မတဦးညာဏ်ထွန်း ပထမအကြိမ် အာရှအသက်(၂၃)နှစ်အောက် အမျိုးသားဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတက်ရောက်

နေပြည်တော် မေ ၁၂

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတဦးညာဏ်ထွန်းသည် ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(ဘီ)၌ ကျင်းပသည့် ပထမအကြိမ် အာရှအသက်(၂၃)နှစ်အောက် အမျိုးသား ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။**

ဖွင့်ပွဲအခမ်းအနားတွင် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညာဏ်ထွန်းက ပြိုင်ပွဲဝင်အသင်းများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဖွင့်ပွဲအခမ်းအနား အပြီးတွင် ဒုတိယသမ္မတသည် ပထမအကြိမ် အာရှအသက်(၂၃)နှစ်အောက် အမျိုးသားဘော်လီဘော အုပ်စုပတ်လည်ပြိုင်ပွဲ ပထမဆုံးပွဲစဉ်ဖြစ်သည့် မြန်မာအသင်းနှင့် မော်လ်ဒိုက်အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးသည်။

ပထမအကြိမ် အာရှအသက်(၂၃) နှစ်အောက် အမျိုးသားဘော်လီဘော အုပ်စုပတ်လည်ပြိုင်ပွဲများမှ အုပ်စု(အေ)နှင့် အုပ်စု(ဘီ)တွင် ကျရောက်သည့် အသင်းများသည် ဝဏ္ဏသိဒ္ဓိအားကစားရုံ(ဘီ)၌ လည်းကောင်း၊ အုပ်စု(စီ)နှင့် အုပ်စု(ဒီ)တွင် ကျရောက်သည့် အသင်းများသည် ဝဏ္ဏသိဒ္ဓိအားကစားရုံ(စီ)၌ လည်းကောင်း ယှဉ်ပြိုင်ကစားသွားကြမည် ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို မေ ၁၂ ရက်မှ ၂၀ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး ဩစတြေးလျ၊ တရုတ်၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ အီရန်၊ ဂျပန်၊ ကာဇက်စတန်၊ ကိုရီးယား၊ ဆော်ဒီအာရေဗျ၊ မော်လ်ဒိုက်၊ မြန်မာ၊ ဖိလစ်ပိုင်၊ ကာတာ၊ ထိုင်း၊ တိုင်ပေနှင့် ဗီယက်နမ် စသည့် နိုင်ငံပေါင်း ၁၆ နိုင်ငံမှ ဘော်လီဘောအားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

**(သတင်းစဉ်)**



ဒုတိယသမ္မတ ဦးညာဏ်ထွန်း ပထမအကြိမ် အာရှအသက်(၂၃)နှစ်အောက် အမျိုးသားဘော်လီဘော ပြိုင်ပွဲဝင်အသင်းများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်စဉ်။ (သတင်းစဉ်)

# တရုတ်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များဆွေးနွေး



**နေပြည်တော် မေ ၁၂**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံတော်ကောင်စီ အထွေထွေအတွင်းရေးမှူး မစ္စတာ ယန်ကျင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်ဧည့်ခန်းမ၌ တွေ့ဆုံသည်။ **(ဝဲပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသော သူရဦးအေးမြင့်၊ ဦးမောင်မောင်သိမ်း၊ ဦးသိန်းဇော်၊ ဦးသိန်းဆွေ၊ ဦးလှမြင့်ဦး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော် နိုင်ငံတော်ကောင်စီ အထွေထွေ အတွင်းရေးမှူးနှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယန်ဟို့လန်လည်း တက်ရောက်သည်။

တွေ့ဆုံစဉ် တရုတ်-မြန်မာ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံတော်ကောင်စီ အထွေထွေအတွင်းရေးမှူး မစ္စတာယန်ကျင်း နေပြည်တော် အထက(၇)၌ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများလှူဒါန်း

**နေပြည်တော် မေ ၁၂**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံတော်ကောင်စီ အထွေထွေအတွင်းရေးမှူး မစ္စတာယန်ကျင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီက နေပြည်တော် ဇမ္ဗူသီရိ မြို့နယ် ဓနသိဒ္ဓိရပ်ကွက် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိရာ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကြိုဆိုကြသည်။

ထို့နောက် ဧည့်သည်တော်အဖွဲ့သည် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး သင်ထောက်ကူပစ္စည်းများဖြစ်သည့် ကွန်ပျူတာ ၂၃ လုံး၊ လေဆာပရင်တာ ၂၃ လုံး၊ စကင်နာခုနစ်လုံး၊ ပရိုဂျက်တာခြောက်လုံး၊ အဲပီတိုင်ရာစကုတ် ၁၀ စုံ၊ ပေါ်တေဘယ်ပလေရာ ၁၅ စုံ၊ ဒီဗွီဒီပလေရာသုံးလုံး၊ ပို့က်ဘုတ် ၁၅ ချပ် စသည့် ကျောင်းအသုံးအဆောင်ပစ္စည်းများနှင့် အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။ **(ယာပုံ)**

ထိုမှတစ်ဆင့် ဧည့်သည်တော်အဖွဲ့သည် သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက် ရတနာလုပ်ငန်း ကျောက်မျက်ပြတိုက်သို့ ရောက်ရှိပြီး ပြတိုက်အတွင်း ခင်းကျင်းပြသထားသော ကျောက်မျက်ရတနာများကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသသည်။

**(သတင်းစဉ်)**



# မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

**ရန်ကုန် မေ ၁၂**

မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်း(MWEA)၏ အကြိမ်(၂၀)မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို မေ ၁၇ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်း အမှတ်(၄၅၉)ရှိ NOVOTEL YANGON MAX HOTEL ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များအားလုံး မပျက်မကွက် တက်ရောက်ကြရန် အလုပ်အမှုဆောင်အဖွဲ့က ဖိတ်ကြားထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်ရန် မြန်မာ့တပ်မတော်က ထောက်ခံကူညီဆောင်ရွက်သွားရေးနှင့်စပ်လျဉ်း၍ဆွေးနွေး



**နေပြည်တော် မေ ၁၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဆားဗီးယားနိုင်ငံသမ္မတ H.E.Mr.Tomislav Nikolic အား မေ ၁၁ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် ဆားဗီးယားနိုင်ငံ သမ္မတရုံးသို့ သွားရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေး ကောင်းမွန်ခဲ့သည့်သမိုင်းကြောင်းကို ဆက်လက်ထိန်းသိမ်းရေး၊ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်ရန် မြန်မာ့တပ်မတော်က ထောက်ခံကူညီဆောင်ရွက်သွားရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ **(ဝဲပုံ)**

ထို့ပြင် ဆားဗီးယားနိုင်ငံသမ္မတက ဆားဗီးယားနိုင်ငံ အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ရတိုင်း မြန်မာနိုင်ငံက ထောက်ခံအားပေးကူညီခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ဆွေးနွေးပြောကြားခဲ့ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်များအကြား ရှိရင်းစွဲဆက်ဆံရေးကိုမြှင့်တင်ရန် လာရောက်ခြင်းဖြစ်ပြီး ၁၉၅၀ ခုနှစ်မှ စတင်ခဲ့သည့် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး သမိုင်းကြောင်းတွင် နှစ်ဖက်ခေါင်းဆောင်များသည် ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်သွားရောက်ခဲ့ပါကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

**(မြဝတီ)**

# မြန်မာ-ဆားဗီးယား နှစ်နိုင်ငံတပ်မတော်တို့အကြား အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့်ကိစ္စရပ်များဆွေးနွေး

**နေပြည်တော် မေ ၁၂**

ဆားဗီးယားနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ဆားဗီးယားနိုင်ငံ ကာကွယ်ရေးဝန်ကြီး H.E. Mr. Bratislav Gasic က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို မေ ၁၁ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီ ၄၅ မိနစ်တွင် ကာကွယ်ရေးဝန်ကြီးဌာန စစ်ရေးပြကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဆားဗီးယားကာကွယ်ရေးဝန်ကြီးတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဆားဗီးယားနိုင်ငံကာကွယ်ရေးဝန်ကြီးတို့သည် ဝန်ကြီး၏ဧည့်ခန်းမ၌ သီးသန့်တွေ့ဆုံဆွေးနွေးကြသည်။ **(အောက်ပုံ)**

ထို့နောက် မြန်မာ-ဆားဗီးယား နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကို ကျင်းပကြသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော်တို့အကြား အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် မြန်မာ့တပ်မတော်နှင့် ဆားဗီးယားနိုင်ငံ တပ်မတော်နှစ်ရပ်အကြား ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်ကို ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သော်နှင့် ဆားဗီးယားနိုင်ငံ State Secretary / ဒုတိယကာကွယ်ရေးဝန်ကြီး Mr. Zoran Djordijevic တို့က လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဆားဗီးယားကာကွယ်ရေးဝန်ကြီးတို့ ဂုဏ်ပြုတပ်ဖွဲ့ကိုစစ်ဆေးစဉ်။ (မြဝတီ)

ဒေသစံတော်ချိန် နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည်Avala Tower သို့ သွားရောက်လေ့လာကြသည်။

ထို့နောက် ဆားဗီးယားနိုင်ငံ၏ သူရဲကောင်းစစ်သည်ဗိမာန် (Mount Avala) သို့ ရောက်ရှိပြီး ပန်းခွေချအလေးပြုကြသည်။



ညနေပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် Batajnica မြို့ရှိ အမှတ် (၂၀၄) လေတပ်မဟာစခန်းဌာနချုပ်သို့ ရောက်ရှိရာ လေတပ်ဦးစီးချုပ် ဗိုလ်ချုပ် Ranko Zivik၊ လေတပ်မဟာစခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ် Predrag Bandic နှင့် အရာရှိကြီးများက ကြိုဆိုကြသည်။

ထို့နောက် လေတပ်မဟာစခန်းဌာနချုပ်မှူးက လေတပ်မဟာစခန်းဌာနချုပ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ခင်းကျင်းပြသထားသော လေယာဉ်များကို ကြည့်ရှုလေ့လာကြသည်။

ညပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား ဆားဗီးယားတပ်မတော်စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Ljubisa Dkovic က Members of Parliament Club ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

မေ ၁၂ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် Nikinci မြို့ရှိ Yogoimport ကုမ္ပဏီပြခန်းသို့ ရောက်ရှိကြပြီး ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် အသုံးအဆောင်ပစ္စည်းများအား ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ ယာဉ်တင်အမြောက်များ၊ တင့်များ၏ သရုပ်ပြမောင်းနှင်လုပ်ဆောင်မှုများအား ကြည့်ရှုလေ့လာပြီး သိရှိလိုသည်များကို မေးမြန်းကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား Head of Development Division ဖြစ်သူ Mr. Mamir Djurkovic က နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ပြည်ထောင်စုလွှတ်တော်က ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာ သန်း ၄၀၀ ချေးယူခွင့်ပြု

**နေပြည်တော် မေ ၁၂**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၄၄ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနအတွက် ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာ သန်း ၄၀၀ ချေးယူခွင့်နှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးကြသည်။

ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီအဖွဲ့ဝင် ဦးနု က ဝန်ကြီးဌာနအနေဖြင့် လူထုဗဟိုပြုစီမံကိန်းကို ဆင်းရဲနွမ်းပါးသော ကျေးလက်လူထုများ၏ အခြေခံလူမှုစီးပွားအဆောက်အအုံများနှင့် ဝန်ဆောင်မှုများကို ရယူသုံးစွဲနိုင်စေရန်၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျေးလက်ပြည်သူလူထု၏ စွမ်းဆောင်ရည်နှင့် အရည်အသွေးများကို မြှင့်တင်ပေးရန်၊ ဖြစ်ပေါ်လာသော ဘေးအန္တရာယ်နှင့် အရေးပေါ်အခြေအနေများတွင် ထိရောက်လျင်မြန်စွာတုံ့ပြန်နိုင်ရန် စသည့် ရည်ရွယ်ချက်များချမှတ်ကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနကတာဝန်ယူ၍ အကောင်အထည်ဖော် ဆောင်ရွက်နေသည်ကို သိရှိရပါကြောင်း၊ ကျေးလက်နေပြည်သူတို့အတွက် လူထုဗဟိုပြုစီမံကိန်းမှာ ဆောင်ရွက်ဆဲစီမံကိန်းတစ်ရပ်ဖြစ်နေပြီး မဖြစ်မနေ ဆက်လက်တိုးချဲ့ ဆောင်ရွက်ရန်လည်း လိုအပ်နေသဖြင့် လွှတ်တော်က သဘောတူ အတည်ပြုသင့်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်က ကမ္ဘာ့ဘဏ်၏ ချေးငွေ သန်း ၄၀၀ဖြင့် ဆောင်ရွက်မည့် လူထုဗဟိုပြုစီမံကိန်းများကို ဆောင်ရွက်ရာတွင် နိုင်ငံတော်အတွက် ကြွေးမြီဝန်ထုပ်ဝန်ပိုးကိုလည်း ထည့်သွင်းစဉ်းစားသင့်ကြောင်း၊ ၀ ဒသမ ၇ ရာခိုင်နှုန်းနှင့် ဝန်ဆောင်ခ နည်းသည်ဆိုသော်လည်း နှစ်ပေါင်း ၃၀ ကျော်ကြာပေးဆပ်ရမည့် ဝန်ဆောင်ခငွေသည် ဒေါ်လာသန်းချီရှိမည်ကို သတိပြုသင့်ပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် အရည်အသွေးပြည့်ဝသောဝန်ထမ်းများကို လေ့ကျင့်ပျိုးထောင်ပြီး လုပ်ငန်းများ၏အားသာချက်၊ အားနည်းချက်များအပေါ် သုံးသပ်၍ အမှန်တကယ်ဖွံ့ဖြိုးတိုးတက်သင့်သည့် ဒေသများကို ဦးစားပေးဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးခဲ့သည်။

ပြည်သူ့လွှတ်တော်ဘဏ္ဍာနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင် ဦးကျော်ခိုင်ဝင်းက ယခုချေးငွေဖြင့် အကောင်အထည်ဖော်မည့်စီမံကိန်းများကို ကမ္ဘာ့ဘဏ်ဘုတ်အဖွဲ့က လက်ခံပြီးဖြစ်ပါကြောင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျင့်ထုံးများ၊ ရသုံးမှန်းခြေငွေစာရင်းရေးဆွဲပုံနည်းလမ်းများ၊ အသုံးစရိတ်ပေးချေခြင်း၊ စာရင်းမှတ်တမ်းထိန်းသိမ်းခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်လေ့လာခြင်း စသည့် အဆုံးသတ်ကောင်းခြင်းလက္ခဏာများနှင့် ပြည့်စုံနေသည်ကို တွေ့ရှိရပါကြောင်း၊ ချေးငွေဖြင့် မြို့နယ်များရွေးချယ်ရာတွင်လည်း မည်သည့်မြို့နယ်တွင် မည်သည့်စံနှုန်းဖြင့် ရွေးချယ်အသုံးပြုမည်ကို ပွင့်လင်းမြင်သာစွာလွှတ်တော်သို့ ပြန်လည်တင်ပြသင့်ပါကြောင်း၊ ချေးငွေပမာဏသည် ဒေါ်လာအားဖြင့် သန်းလေးရာဖြစ်သဖြင့် နှစ်စဉ်ဘတ်ဂျက်တင်သကဲ့သို့ လွှတ်တော်ကို အဆင့်ဆင့်တင်ပြ၍ လွှတ်တော်က ချေးငွေကိစ္စကို အတည်ပြုလက်ခံပေးသင့်ပါကြောင်း ဆွေးနွေးခဲ့သည်။



လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လှဲ့လှဲ့သိန်းတို့က ပြန်လည်ရှင်းလင်းဆွေးနွေးပြီး လွှတ်တော်က ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာ သန်း ၄၀၀ ချေးယူခွင့်အား အတည်ပြုကြောင်း ကြေညာခဲ့သည်။

**(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာပေါင်း ၃၆၆၂ ရွာ၌ ရေရရှိရေးလုပ်ငန်းပေါင်း ၃၉၅၇ ကို ဆောင်ရွက်ရန်ခွင့်ပြုထား

**နေပြည်တော် မေ ၁၂**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၄၄ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပခဲ့ပြီး ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၌ ဦးကိုကိုနိုင်ဗိုလ်ချုပ်(ငြိမ်း)အား ကော်မရှင်အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းလိုက်ကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။

ရန်ကင်းမဲဆန္ဒနယ်မှ ဦးသာဝင်း၏ **၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် သောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် စက်ရေတွင်းနှင့် သောက်သုံးရေကန်တူးဖော်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့မှု အခြေအနေနှင့် ယခုလာမည့် ၂၀၁၅ ခုနှစ် ဇွန်လ မိုးရာသီမတိုင်မီ စတင်အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာပေါင်း ၃၉၄၉ ရွာ၌ ရေရရှိရေး လုပ်ငန်းပေါင်း ၄၂၆၈ ခုကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာပေါင်း ၃၆၆၂ ရွာ၌ ရေရရှိရေးလုပ်ငန်းပေါင်း ၃၉၅၇ ကို ဆောင်ရွက်ရန်ခွင့်ပြုထားပြီး ၂၀၁၅ ခုနှစ် မေလအတွင်း တင်ဒါကြော်ငြာခေါ်ယူ၍ ဇွန်လအတွင်း လုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။



ဒုတိယဝန်ကြီး ဦးခင်မောင်အေး ဖြေကြားစဉ်။ (သတင်းစဉ်)



ရန်ကင်းမဲဆန္ဒနယ်မှ ဦးသာဝင်း မေးမြန်းစဉ်။ (သတင်းစဉ်)

ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး၏ အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရနှင့် နေ့ကျောင်းတက်တက္ကသိုလ်များမှ ဘွဲ့ရအရည်အချင်းသတ်မှတ်ရာ၌ တူညီမှု ရှိ၊ မရှိနှင့် အစိုးရဝန်ထမ်းအလုပ်လျှောက်ထားရာတွင် ခွဲခြားဆုံးဖြတ်သတ်မှတ်ခြင်းများ ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူက ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းတို့၏ အဆိုပြုချက်အရ အရာထမ်းအဆင့်ဝင်ပေါက်ရာထူးအတွက် ကြေညာခေါ်ယူရာတွင် အဝေးသင်တက္ကသိုလ်ဘွဲ့နှင့် နေ့ကျောင်းတက်တက္ကသိုလ်ဘွဲ့ဟူ၍ တစ်ကြိမ်တစ်ခါမှ ခွဲခြားသတ်မှတ်ခေါ်ယူမှုမရှိခဲ့သလို ရေးဖြေအောင်မြင်ပြီးသူ ပုဂ္ဂိုလ်များအား လူတွေ့စစ်ဆေးခြင်း ပြုလုပ်ရာတွင်လည်း အဝေးသင်တက္ကသိုလ်ဘွဲ့နှင့် နေ့ကျောင်းတက်တက္က သိုလ်ဘွဲ့ဟူ၍ ခွဲခြားပြီးရွေးချယ်ပေးခြင်း အလျဉ်းမရှိခဲ့ပါကြောင်းနှင့် အရည်အချင်း ပြည့်မီပြီး နိုင်ငံ့ဝန်ထမ်းကောင်း ဖြစ်လာနိုင်သူများကို အတတ်နိုင်ဆုံး မှန်ကန်မျှတစွာဖြင့် စစ်ဆေးရွေးချယ်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေး၏ **နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြင့်မားနေစေရန် တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်၊ ပါမောက္ခများ၊ အခြေခံပညာအထက်တန်းကျောင်းများမှ ဆရာ၊ ဆရာမများ၊ တရားရေး၊ ဥပဒေရေးရာ အတွေ့အကြုံရှိဝန်ထမ်းများအား အခြားနိုင်ငံများနည်းတူ နိုင်ငံတော်၏ အကျိုးအတွက် ဝန်ထမ်းများ၏ သက်တမ်းတိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူက

*စာမျက်နှာ ၁၁ ကော်လံ ၁ သို့*

အမျိုးသားလွှတ်တော်အစည်းအဝေး

# သဘာဝဘေးဒဏ်ကြောင့် သီးနှံပျက်စီးချိန်တွင် အချိန်နှင့်တစ်ပြေးညီတင်ပြပါက ချေးငွေပေးဆပ်ကာလကို ဘဏ်ကရွှေ့ဆိုင်းပေးနိုင်

**နေပြည်တော် မေ ၁၂**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၄၆ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပခဲ့ပြီး လယ်ယာကဏ္ဍဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ၏ **ဧရာဝတီတိုင်းဒေသကြီး ကြံခင်းနှင့် မြန်အောင်မြို့နယ်များရှိ တောင်သူများအနေဖြင့် ရာသီဥတု ဖောက်ပြန်ပြီး မိုးရေချိန်လုံလောက်အောင် မရရှိခဲ့၍ မိုးသီးနှံစပါးပေါ်မှ ဝင်ငွေလုံးဝမရရှိခဲ့ပါသဖြင့် စိုက်ပျိုးစရိတ်ချေးငွေကို နိုင်ငံတော်မှ တစ်နှစ်ဆိုင်းပေးခြင်းဖြင့် ကူညီပံ့ပိုးပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် နည်းဥပဒေအရ သဘာဝဘေးဒဏ်ကြောင့် သီးနှံပျက်စီးချိန်တွင် အချိန်နှင့်တစ်ပြေးညီ တင်ပြပါက မြို့နယ်ဘဏ်ခွဲမှ ကွင်းဆင်းစစ်ဆေး၍ သတ်မှတ်သည့် အတိုင်းအတာအထိ ပျက်စီးသည်ဆိုလျှင် ဒေသအာဏာပိုင်များ၏ ထောက်ခံချက်ဖြင့် ချေးငွေပေးဆပ်ကာလကို ဘဏ်ကရွှေ့ဆိုင်းပေးနိုင်ပါကြောင်း၊ ဘဏ်၏စည်းကမ်းချက်အတိုင်း ကြွေးဟောင်းမကျေပါက ကြွေးသစ် မရနိုင်ပါကြောင်း၊ အမှန်တကယ် သီးနှံပျက်စီးမှုအပေါ် ရပ်ကွက်၊ ကျေးရွာအုပ်စု၊ မြို့နယ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတို့မှ စိစစ်ထောက်ခံတင်ပြပါက ချေးငွေပေးဆပ်ကာလကို ဘဏ်ကရွှေ့ဆိုင်းပေးနိုင်သော်လည်း တောင်သူကိုထုတ်ပေးသည့် ချေးငွေများသည် မြန်မာ့စီးပွားရေးဘဏ်မှ အတိုးဖြင့်ယူရသောငွေများဖြစ်၍ ချေးငွေပေးဆပ်သည့်နေ့အထိ ဘဏ်က သတ်မှတ်ထားသော အတိုးနှင့် ဒဏ်တိုးများကို ပေးဆောင်ရမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။



ဒုတိယဝန်ကြီး ဦးအုန်းသန်း ဖြေကြားစဉ်။ (သတင်းစဉ်)

ဆက်လက်၍ **တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးရဲမင်းထွေး၏ မိတ္ထီလာခရိုင် မလှိုင်မြို့ရှိ ဗဟိုစိုက်ပျိုးရေးခြံတွင် သီးနှံစိုက်ပျိုးရေးသုတေသနလုပ်ငန်းများနှင့် မျိုးစေ့မျိုးကောင်း၊ မျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးသည့်လုပ်ငန်းကို ပိုမိုအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဗဟိုစိုက်ပျိုးရေးခြံသည် ကုန်းတဲဆည်ထက်ပို၍မြင့်သောနေရာတွင် တည်ရှိသောကြောင့် ရေရရှိရေးခက်ခဲပါသဖြင့် ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါကြောင်း၊ လက်ငင်ရေတွင်း တစ်တွင်းကို မော်တာတပ်ဆင်၍ ခြံ၏စိမ်းလန်းစိုပြည်ရေးနှင့် တစ်ပိုင်တစ်နိုင် သီးနှံခင်းများ ရေပေးသွင်းခြင်းအတွက် အသုံးပြုလျက်ရှိပါကြောင်း၊ အကျယ်အဝန်း(၀ ဒသမ ၆၀)ဧက အနက်ကိုးပေရှိ ရေကန်တစ်ကန်ကို ယခင်က ဝန်ထမ်းများ သောက်သုံးရေအဖြစ် အသုံးပြုခဲ့ပြီး ယခုအခါရေခန်းခြောက်လျက်ရှိပါကြောင်း၊ ၎င်းရေကန်ကို ၂၀၁၅-၂၀၁၆ မိုးရာသီသီးနှံစိုက်ပျိုးချိန်အမီ ပြန်လည်တူးဖော်ပေးသွားမည်ဖြစ်ကြောင်း၊ မလှိုင်ဗဟိုခြံအတွင်း မျိုးစေ့ချက်ကိရိယာတစ်ခုကို ၂၀၁၅ ခုနှစ် မတ် ၃၁ ရက်တွင် ဖြည့်ဆည်းပေးခဲ့ပါကြောင်း။



ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးခင်မောင်ရီ မေးမြန်းစဉ်။ (သတင်းစဉ်)

မြေယာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်း ရန်ပုံငွေ

*စာမျက်နှာ ၁၁ ကော်လံ ၄ သို့*

# ယာယီသက်သေခံလက်မှတ်အကြောင်း သိကောင်းစရာ

ဦးဟန်ညွန့်(ဥပဒေ)

**အများပြည်သူစိတ်ဝင်စား**

ယခုတလော အများပြည်သူစိတ်ဝင်စားနေကြသည့် ကိစ္စတစ်ရပ်မှာ "ယာယီသက်သေခံလက်မှတ်"အကြောင်းဖြစ်နေသည်။ ဘာကြောင့် စိတ်ဝင်စားကြသနည်း။ ဘယ်လိုအရေးကြီးသလဲ။ ဥပဒေရှုထောင့်မှ သုံးသပ်တင်ပြအပ်ပါသည်။

**ယာယီသက်သေခံလက်မှတ်ဆိုသည်မှာ**

"ယာယီသက်သေခံလက်မှတ်ဆိုသည်မှာ သက်သေခံကတ်ပြားအစား ထုတ်ပေးသည့် ကာလအပိုင်းအခြားအလိုက် အတည်ဖြစ်သော မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်ကို ဆိုလိုသည်" ဟု ၁၉၅၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းနေထိုင်သူများ မှတ်ပုံတင်ရေး နည်းဥပဒေ အပိုဒ် ၂(င)တွင် ဖွင့်ဆိုထားပါသည်။ ဤလက်မှတ်သည် သက်သေခံကတ်ပြား ချက်ချင်းမထုတ်ပေးနိုင်သေးသည့် ကိစ္စရပ်များတွင် သက်သေခံကတ်ပြားအစားထုတ်ပေးသည့် လက်မှတ်ဖြစ်ပါသည်။ သက်သေခံလက်မှတ်အား နည်းဥပဒေအပိုဒ် ၁၃(၂)တွင် ပုံစံ(၃)ဖြင့် သတ်မှတ်ထားပါသည်။

**ထုတ်ပေးနိုင်သည့် အကြောင်းခြင်းရာများ**

ယာယီသက်သေခံလက်မှတ်ထုတ်ပေးနိုင်သည့် အကြောင်းခြင်းရာများမှာ-

(က) မှတ်ပုံတင်စာရင်းများတွင် ရေသွင်းနည်းလမ်းတကျလုံလောက်စွာ ရေးသွင်းပြီးပြီဟု စာရင်းထိန်းက ယူဆလျှင်သော် လည်းကောင်း၊

(ခ) ပျောက်ဆုံးသော (သို့တည်းမဟုတ်)ပျက်စီးသော (သို့တည်းမဟုတ်)မထင်မရှားဖြစ်သော သက်သေခံကတ်ပြားအစား အခြားကတ်ပြားတစ်ခုထုတ်ပေးရန် လျှောက်လွှာတင်သွင်းလျှင်သော် လည်းကောင်း၊

(ဂ) မှတ်ပုံတင်အရာရှိချုပ်က ယေဘုယျ (သို့တည်းမဟုတ်) အထူးအမိန့်ဖြင့် သီးခြားဖော်ပြသည့် အခြားအကြောင်းအရာများရှိလျှင်သော်လည်းကောင်း ထုတ်ပေးနိုင်ပါသည်။

**အဖြူရောင်ကတ် (WHITE CARD)**

ဘာ့ကြောင့် "ဝှိုက်ကတ်" ဟုခေါ်သနည်း။ ကတ်ပြား၏အရောင်သည် အဖြူရောင်ဖြစ်နေသည့်အတွက် လွယ်လွယ်ကူကူပင် အများက WHITE CARD (ဝှိုက်ကတ်)အဖြူရောင်ကတ်ဟု နှုတ်ကျိုးနေကြသည်။ ခေါ်ဝေါ်နေကြသည်။ သက်သေခံလက်မှတ်၏ တကယ့်တရားဝင် အခေါ်အဝေါ်သည် Temporary Identity Certificate ဖြစ်ပါသည်။

**ယာယီသက်သေခံလက်မှတ်ဆိုသည်မှာ သက်သေခံကတ်ပြားအစား ထုတ်ပေးသည့် ကာလအပိုင်းအခြားအလိုက် အတည်ဖြစ်သော မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်ကို ဆိုလိုသည်**

**ဥပဒေနှင့်အညီ**

ယာယီသက်သေခံလက်မှတ်များကို နိုင်ငံတော်က ဥပဒေနှင့်အညီ ထုတ်ပေးထားခြင်းဖြစ်ပါသည်။ ၁၉၅၁ ခုနှစ်၊ မြန်မာနိုင်ငံအတွင်း နေထိုင်သူများမှတ်ပုံတင်ရေးနည်းဥပဒေ ၁၃၊ ၁(ဂ)တွင် ဖော်ပြထားသည့် ပြဋ္ဌာန်းချက်နှင့်အညီ တရားဝင်ထုတ်ပေးထားခြင်းဖြစ်ပါသည်။ ဤကတ်ပြားကို ကိုင်ဆောင်ထားသူများသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အချုပ်အခြာအာဏာပိုင်နယ်မြေအတွင်း နေထိုင်သူများဖြစ်ကြောင်း သက်သေခံနိုင်ပေသည်။ တစ်နည်းအားဖြင့် မည်သည့်ကတ်ပြားမျိုးပင်ဖြစ်စေ၊ တရားဝင်ကတ်ပြားတစ်မျိုးမျိုးကို ကိုင်ဆောင်ခြင်းမရှိသေးသူများ၊ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေအရ မြန်မာနိုင်ငံသားအဖြစ် စိစစ်ရန်ကျန်နေသူများ၊ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေအရ အထောက်အထားများ တင်ပြရန် အခက်အခဲရှိသဖြင့် နိုင်ငံသားအရည်အချင်းသတ်မှတ်မှု မပြုနိုင်သေးသောသူများနှင့် ၁၉၄၈ ခုနှစ် နိုင်ငံခြားသားမှတ်ပုံတင်ရေးအက်ဥပဒေတွင်ပါသော နိုင်ငံခြားသားများ ကိုင်ဆောင်ရမည့် မှတ်ပုံတင်တစ်မျိုးမျိုးကို ကိုင်ဆောင်ခွင့်မရှိသေးသောသူများအား ယာယီသက်သေခံကတ်ပြားလက်မှတ်ထုတ်ပေးခဲ့ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီကိုယ်တိုင် ရှင်းလင်းမိန့်ကြားခဲ့ပါသည်။ (၁၈-၂-၂၀၁၅ နေ့ထုတ် နိုင်ငံပိုင်သတင်းစာများမှ ကောက်နုတ်ဖော်ပြချက်)

**သက်တမ်းသတ်မှတ်ချက်**

ထို့ပြင် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက သက်တမ်းသတ်မှတ်ချက်နှင့်စပ်လျဉ်း၍- ဒီကတ်ပြားနဲ့ပတ်သက်ပြီး သက်တမ်းသတ်မှတ်ချက်ရှိပါသည်။ ၁၉၅၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး နည်းဥပဒေ ၁၃-၃ မှာဆိုရင် သက်သေခံလက်မှတ်အတည်ဖြစ်တဲ့ကာလကို ရက်အားဖြင့် ပိုင်းခြားသတ်မှတ်နိုင်တယ်လို့အကြမ်းဖျဉ်းဖော်ပြထား ပါသည်။ အဲတော့ ဒီကတ်ပြားကို ၁၉၉၅ ခုနှစ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအစိုးရလက်ထက်မှစပြီး ထုတ်ပေးခဲ့တာပါ။ အဲဒီတုန်းက ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေအရ စိစစ်ပြီးလို့ရှိရင် ဒီကတ်ပြား သက်တမ်းကုန်ပြီလို့ဆိုခဲ့ပါသည်။ . . . . ဟုလည်း (၁၈-၂-၂၀၁၅) နေ့တွင် ရှင်းလင်းပြောကြားခဲ့ပါသည်။

**နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၁၉/၂၀၁၅**

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်စွဲဖြင့် နိုင်ငံတော်သမ္မတရုံးက အမိန့်ကြော်ငြာစာအမှတ် ၁၉/၂၀၁၅ ကို ထုတ်ပြန်ခဲ့ပေသည်။ ယင်းအမိန့်ကြော်ငြာစာတွင် ယာယီသက်သေခံလက်မှတ် သက်တမ်းသတ်မှတ်ခြင်း၊ သက်တမ်းကုန်ဆုံးသည့် လက်မှတ်များအပ်နှံရေး စိစစ်မှုလုပ်ငန်းများဆောင်ရွက်ရန် တာဝန်ပေးအပ်ခြင်း၊ လေ့လာသုံးသပ်အကြံပြုရေးကော်မရှင် ဖွဲ့စည်းတာဝန်ပေးအပ်သွားမည့်အကြောင်း စသည့် အချက်များ ပါဝင်ပေသည်။ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ကိုယ်တိုင် လက်မှတ်ရေးထိုးထုတ်ပြန်ခြင်းလည်းဖြစ်ပါသည်။

**အက်ဥပဒေနှင့်နည်းဥပဒေများ**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် စီမံခန့်ခွဲသော ဥပဒေများကို လိုက်နာကျင့်သုံးလျက်ရှိပါသည်။ စီမံခန့်ခွဲသော ဥပဒေများအပြင် အခြားဥပဒေ၊ အက်ဥပဒေများ၊ နည်းဥပဒေများကိုလည်း ဥပဒေနှင့်အညီ ကျင့်သုံးဆောင်ရွက်ရပေသည်။

ယာယီသက်သေခံလက်မှတ်နှင့်စပ်လျဉ်း၍-

(က) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းနေထိုင်သူများ မှတ်ပုံတင်ရေး အက်ဥပဒေ(ဥပဒေ အမှတ် ၄၁/၁၉၄၉)

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းနေထိုင်သူများ မှတ်ပုံတင်ရေး နည်းဥပဒေ (၁၉၅၁ ခုနှစ်)

(ဂ) နိုင်ငံတော်သမ္မတရုံး၏ ၁၁-၂-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁၉/၂၀၁၅ (ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး အက်ဥပဒေပုဒ်မ ၅ နှင့်အညီ ထုတ်ပြန်ခြင်းဖြစ်ပါသည်)

**သမိုင်းနှင့် ဥပဒေ**

ယာယီသက်သေခံလက်မှတ်အကြောင်းကို ဆွေးနွေးလေ့လာမည်ဆိုပါလျှင် ဥပဒေအမြင်သက်သက်ဖြင့် လေ့လာရုံမျှနှင့် မလုံလောက်ပါ။ သမိုင်းအမြင်နှင့် ဥပဒေအမြင် ပေါင်းစပ်ယှဉ်တွဲလေ့လာသုံးသပ်မှသာ မြင်ကွင်းစုံ ပန်းချီကားသဖွယ် ကျယ်ပြန့်၊ ပြည့်စုံ၊ လှပမည်ဟု ဆောင်းပါးရှင်က ယုံကြည်ပါသည်။ အဘယ့်ကြောင့်နည်း။ နိုင်ငံတော်အချုပ်အခြာအာဏာပိုင်ခွင့်ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် အမျိုးသားခေါင်းဆောင်ကြီးနှင့် လက်တွဲဖော်ဆောင်သည့် နိုင်ငံသားနှင့် တိုင်းရင်းသားခေါင်းဆောင်များသည် နိုင်ငံ၏ရေရှည်အကျိုးကို ရည်ရွယ်၍ ဥပဒေများရေးဆွဲပြဋ္ဌာန်းခဲ့ကြောင်း သမိုင်းမှတ်တမ်းရှိသောကြောင့်ဖြစ်ပါသည်။ သို့ဖြစ်ရာ သမိုင်းအဆက်ဆက် ခေတ်သစ်ကာလတိုင် ဤမူသဘောကိုလေးစားသုံးသပ်သင့်ပါသည်။ မည်သို့ဆိုစေ သမိုင်းတရားဥပဒေအကြောင်းအရ ညီညွတ်မျှတမှုရရှိစေရေး၊ ပွင့်လင်းမြင်သာမှုရှိစေရေး ဦးတည်ချက်များကို ဦးထိပ်ပန်ဆင်ကာ တရားဥပဒေအမြင်ကို တင်ပြအပ်ပါသည်။

**အိမ်နီးချင်းနိုင်ငံများ**

မြန်မာနိုင်ငံ၏ အနေအထား၊ တည်ရှိဖွဲ့စည်းပုံသည် ထူးခြားသည်ဟု ဆိုရမည်လား။ သီးခြား၊ မိမိနိုင်ငံတစ်နိုင်ငံတည်း ရပ်တည်နေခြင်းမဟုတ်။ အိမ်နီးနားချင်းနိုင်ငံများနှင့်ဆက်စပ်၊ ပူးတွဲနေသည်။ ပတ်သက်နေသည်။ ကူးလူးနေသည်။ ဆက်ဆံနေသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ စသည်. . . . စသည်။

**နှစ် ၂၀ ကျော် မပြတ်မသား**

"ကျွန်တော်တို့နိုင်ငံမှာ နှစ်ပေါင်း ၂၀ ကျော် မပြတ်မသားဖြစ်နေတဲ့ အခြေအနေကို အစိုးရသစ်လက်ထက် ပြုပြင်ပြောင်းလဲရေးမှာ ကဏ္ဍတစ်ခုအဖြစ်သွားဖို့ လိုအပ်ပါပြီ"ဟု နိုင်ငံတော်သမ္မတ၏ ဥပဒေအကြံပေးအဖွဲ့ခေါင်းဆောင် ဦးစစ်အေးက ၁၈-၂-၂၀၁၅ နေ့တွင် ဆွေးနွေးပြောကြားချက်ကို ကြိုဆိုလိုက်ပါသည်။ နှစ် ၂၀ ကျော် ဘာကြောင့် မပြတ်မသားဖြစ်ခဲ့ရ သနည်း။ ဤအဖြေကို တာဝန်ရှိသူများနှင့် ကာယကံရှင်များကသာ တိတိကျကျသိရှိကြမည်ဖြစ်ပါသည်။ အစိုးရသစ်လက်ထက် ပြုပြင်ပြောင်းလဲရေးအတွက် တာဝန်ရှိသူများ ပွင့်လင်းမြင်သာစွာ ဥပဒေနှင့်အညီ စီမံဆောင်ရွက်ရန်အချိန်တန်ပါပြီ။ အနာဟောင်းအတိုင်း ပစ်ပယ်ထားပါက အနာရင်းပြီး မလိုလားအပ်သောပြဿနာများနှင့်သာ ရင်ဆိုင်ရဖွယ်ရှိပါမည်။ ပြဿနာ၏ အရင်းအမြစ်၊ အပြစ်အနာအဆာ၊ ဆိုးကျိုး ကောင်းကျိုး စသည်များအား ပွင့်လင်းမြင်သာစွာ သုံးသပ်၊ အဖြေရှာဖို့ အချိန်တန်ပါပြီ ဟု ဆောင်းပါးရှင်က မျှော်လင့်ယုံကြည်ပါသည်။

**၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေ**

၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေသည် ယနေ့တိုင်တည်ဆဲဥပဒေတစ်ရပ်ဖြစ်ပါသည်။ လက်ရှိအခြေအနေတွင် ရုပ်သိမ်းရန်၊ ပြင်ဆင်ရန် မလိုအပ်သေးကြောင်း၊ တည်ဆဲ(အတည်ဖြစ်ဆဲဖြစ်ကြောင်း) လေ့လာသိရှိပါသည်။ အမြဲတမ်းတည်နေမည်။ တစ်သက်လုံးမပြင်ရဟု အဓိပ္ပာယ်မဆောင်ပါ။ သို့ဖြစ်၍ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေကို နက်နက်ရှိုင်းရှိုင်း၊ ကျယ်ကျယ်ပြန့်ပြန့်၊ စနစ်တကျ စူးစမ်းလေ့လာသင့်ကြပါသည်။ ပုဂ္ဂိုလ်ရေးမဖက်၊ မည်သူ့မျက်နှာမျှမကြည့်ဘဲ နိုင်ငံတော်အကျိုး၊ ပြည်သူလူထုအကျိုး ဦးတည်ချက်ဖြင့် သုံးသပ်လေ့လာအပ်ပါသည်။ အချိန်ကာလ၊ ခေတ်စနစ် ပြောင်းလဲလာမှုများကိုလည်း မမေ့အပ်ပါ။ ယနေ့ကမ္ဘာ၏ ခေတ်မီတိုးတက်မှု၊ အပြည်ပြည်ဆိုင်ရာ တရားဥပဒေစနစ်၊ လူ့အခွင့်အရေးစံများ၊ အမျိုးသားရေး စည်းလုံးညီညွတ်မှု၊ ပြည်ထောင်စုအရေး စသည့် ဘက်ပေါင်းစုံအမြင်များကို ကြိုဆိုပါသည်။ ကျဉ်းမြောင်းသော အယူအဆကို လှေနံဓားထစ် အုတ်မြစ်ချထားခြင်းမှာလည်း မလိုလားအပ်ဟု ဆောင်းပါးရှင်က သုံးသပ်ပါသည်။

**နိုင်ငံသားဆိုသည်မှာ**

မြန်မာနိုင်ငံသားဥပဒေ၊ အခန်း(၁)ပုဒ်မ ၂(ခ) တွင် "နိုင်ငံသားဆိုသည်မှာ မြန်မာနိုင်ငံသားကို ဆိုသည်"ဟု ရှင်းရှင်းလင်းလင်း အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

**နိုင်ငံခြားသားဆိုသည်မှာ**

မြန်မာနိုင်ငံသားဥပဒေ၊ အခန်း(၁) ပုဒ်မ ၂(င) တွင် "နိုင်ငံခြားသားဆိုသည်မှာ နိုင်ငံသားမဟုတ်သောသူ (သို့မဟုတ်) ဧည့်နိုင်ငံသားမဟုတ်သောသူ (သို့မဟုတ်) နိုင်ငံသားပြုခွင့်ရသူမဟုတ်သောသူကိုဆိုသည်" ဟု ရှင်းရှင်းလင်းလင်း အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

**နိုင်ငံသားဖြစ်ခြင်း**

မြန်မာနိုင်ငံသားဥပဒေ၊ အခန်း(၂) ပုဒ်မ ၃ တွင် "နိုင်ငံတော်တွင် ပါဝင်သောနယ်မြေတစ်ခုခု၌ မြန်မာသက္ကရာဇ် ၁၁၈၅ ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၈၂၃ ခုနှစ် မတိုင်မီကာလမှစ၍ ပင်ရင်းနိုင်ငံအဖြစ် အမြဲနေထိုင်ခဲ့သော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့်တိုင်းရင်းသားများနှင့် မျိုးနွယ်စုများသည် မြန်မာနိုင်ငံသားများဖြစ်သည်" ဟု ပြဋ္ဌာန်းထားပါသည်။

**ဆန္ဒမဲပေးခွင့်**

"ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်ထားသူများကို ဆန္ဒမဲပေးခွင့်ပြုခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်း ရှိ၊ မရှိ" ပြဿနာပေါ်ပေါက်ခဲ့ပေသည်။ ယာယီသက်သေခံလက်မှတ်(ဝှိုက်ကတ်)ကိုင်ဆောင်ထားသူများကို မဲပေးခွင့်ပြုခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်းမရှိဟု ၁၆-၂-၂၀၁၅ ရက်စွဲဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးက ပြည်ထောင်စုလွှတ်တော်သို့ ပြန်ကြားခဲ့ပေသည်။

**ဥပဒေအရ ဆန္ဒမဲပေးခွင့်ရှိသူ**

"ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၁ ပါ ပြဋ္ဌာန်းချက်အရ လွှတ်တော်အဆင့်ဆင့်ကို ရွေးကောက်ရာတွင် နိုင်ငံသားများသာမက ဥပဒေအရ ဆန္ဒမဲပေးခွင့်ရှိသူကိုပါ ဆန္ဒမဲပေးရန် ခွင့်ပြုထားသည့်အတွက် ပုဒ်မ ၃၉၁ ပြဋ္ဌာန်းချက်တွင်ပါရှိသော "ဥပဒေအရ ဆန္ဒမဲပေးခွင့်ရှိသူ" ဆိုသည့် စကားရပ်ကို အဓိပ္ပာယ်ကောက်ယူရန် လိုအပ်လာကြောင်း၊ ထို့အပြင် နိုင်ငံတော်အခြေခံမူများ၊ အခန်း(၁)ပုဒ်မ ၄ တွင် "နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတစ်ဝန်းလုံး၌ တည်သည်"ဟူ၍လည်းကောင်း၊ ပုဒ်မ ၃၈၊ ပုဒ်မခွဲ(က)တွင် "နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်" ဟူ၍လည်းကောင်း၊ ပြဋ္ဌာန်းချက်များအရ နိုင်ငံတော်အချုပ်အခြာ အာဏာ၏ အရင်းအမြစ်မှာ နိုင်ငံသားများသာဖြစ်ပြီး နိုင်ငံသားများသာရွေးကောက်တင်မြှောက်သူ၊ ရွေးကောက်တင်မြှောက်ခံသူများဖြစ်ကြောင်း၊ သို့ဖြစ်ရာ ပုဒ်မ ၃၉၁ တွင်ပါရှိသော "ဥပဒေအရ ဆန္ဒမဲပေးခွင့်ရှိသူ" ဟုဆိုရာတွင် နိုင်ငံသားအရည်အချင်းရှိသူများကို ရည်ရွယ်သည်မှာမြင်သာကြောင်း" နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၏ပြန်ကြားချက်တွင် ဖော်ပြပါရှိပေသည်။ **ဆက်လက်ဖော်ပြပါမည်**

---

## (၂၈)ကြိမ်မြောက် စင်ကာပူဆီးဂိမ်းတွင် ပါဝင်ယှဉ်ပြိုင်ရန် ဗထူးကွင်း၌ လေ့ကျင့်နေသော ထိုင်းခြင်းလုံးအသင်းအား တွေ့ဆုံ

**မန္တလေး မေ ၁၂**

(၂၈)ကြိမ်မြောက် စင်ကာပူဆီးဂိမ်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ဗထူးခန်းမ၌ လေ့ကျင့်နေသော ထိုင်းနိုင်ငံ ခြင်းလုံးအသင်းကို ယနေ့ နံနက် ၉ နာရီက အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်း၊ မန္တလေးအားကစားနှင့် ကာယပညာသိပ္ပံကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်၊ မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝေဇင်တို့က မြန်မာနည်းပြနှစ်ဦး၏ အကူအညီဖြင့် လေ့ကျင့်နေသော ထိုင်းခြင်းလုံးအသင်း၏လေ့ကျင့်မှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။ မြန်မာ့ရိုးရာခြင်းလုံးအလှသည် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် စတင်ထည့်သွင်းကျင်းပခဲ့သည်။ စင်ကာပူဆီးဂိမ်းအကြို ပြင်ဆင်မှုအဖြစ် ကမ္ဘောဒီးယားခြင်းအသင်းနှင့် မလေးရှားခြင်းအသင်းတို့ နေပြည်တော်တွင် လာရောက်လေ့ကျင့်လျက်ရှိသည်။ ယခုဆီးဂိမ်းပြိုင်ပွဲတွင် ခြင်းလုံးအားကစားနည်း၌ ပြိုင်ပွဲအမျိုးအစားလေးမျိုးထည့်သွင်းကျင်းပမည်ဖြစ်ပြီး အိမ်ရှင်နိုင်ငံက ပြိုင်ပွဲအမျိုးအစားလေးမျိုးတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသော်လည်း အခြားပြိုင်ပွဲဝင်နိုင်ငံများက ပြိုင်ပွဲအားကစားနည်းနှစ်မျိုးသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

*ပြည်သူ့လွှတ်တော်မှ*

နိုင်ငံ့ဝန်ထမ်းတစ်ဦး အငြိမ်းစားယူရမည့်အသက်ကို မိမိနိုင်ငံ၏ အခြေခံအကြောင်းရင်းများသာမက ဒေသတွင်းနိုင်ငံများ၊ အထူးသဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် လက်ရှိကျင့်သုံးနေသည့် အငြိမ်းစားယူရမည့် အသက်သတ်မှတ်ချက်ကို လေ့လာနိုင်းယှဉ်၍ အချိုးအစား သင့်တင့်မျှတအောင် သတ်မှတ်ပြဋ္ဌာန်းရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အခြားအာဆီယံ အဖွဲ့ဝင်နိုင်ငံများနှင့် ချိန်ထိုးကြည့်ပါက အငြိမ်းစားယူရမည့်အသက်ကို လက်ရှိ (၆၀)နှစ်ထက် တိုးမြှင့်သတ်မှတ်ခဲ့မည်ဆိုပါက ရာထူးအဆင့်လိုက် လစ်လပ်နေရာမရှိ၍ နိုင်ငံဝန်ထမ်းများ၏ ရာထူးတိုးမြှင့်ရေးအတွက် ရာထူးနေရာပိတ်ဆို့မှုဖြစ်ပေါ်နိုင်ခြင်း၊ အငြိမ်းစားယူရမည့် အသက်ကို တိုးမြှင့်သတ်မှတ်ခဲ့ပါက ဘွဲ့ရလူငယ်များအတွက် အလုပ်အကိုင်ရရှိရေး ပိုမိုကျပ်တည်းလာနိုင်ခြင်း စသည့်အချက်များကြောင့် နိုင်ငံ့ဝန်ထမ်းများ၏ သက်ပြည့်ပင်စင်ခံစားရမည့်အသက်ကို တိုးမြှင့်ပေးရန် လောလောဆယ်တွင် မသင့်တော်ဟု ယူဆပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် သယံဇာတနှင့်သဘာဝ... ထို့နောက် သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်၏ **လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်-၅/၂၀၀၅)ကို ပြင်ဆင်သည့် ဥပဒေကြမ်း** အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်က မှတ်တမ်းတင်သည်။ **(သတင်းစဉ်)**

*အမျိုးသားလွှတ်တော်မှ*

ဖြင့် ဧကကွက်ဖော်ထုတ်ခြင်း၊ မြေညှိခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပြီး လယ်ယာသုံးစက်ကိရိယာများ ပံ့ပိုးပေးနိုင်ရန် အမှန်လိုအပ်သော ရန်ပုံငွေ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် မရရှိခဲ့ပါသဖြင့် နောင်နှစ်များတွင် ဆက်လက်တင်ပြတောင်းခံ၍ ဖြည့်ဆည်းပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာဝင်းမြင့်အောင်၏ စိုက်ပျိုးရေးကဏ္ဍတွင် မြေများငှားရမ်းလုပ်ကိုင်နေခြင်း မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့မှ တိုင်းဒေသကြီးနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူးများအား တိုင်းဒေသကြီး/ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ခရိုင်မြို့နယ် အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများကို သက်ဆိုင်ရာ ခရိုင်၊မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ်လည်းကောင်း တာဝန်ပေးအပ် ထားရှိပါကြောင်း၊ ထို့ပြင် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ လယ်ယာမြေစီမံခန့်ခွဲမှုအဆင့်ဆင့်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ထားရှိပါကြောင်း၊ စိုက်ပျိုးရေးကဏ္ဍ၌ မြေများ ငှားရမ်းလုပ်ကိုင်မှုကို အတည်ပြုပြဋ္ဌာန်းပြီးသော လယ်ယာမြေဥပဒေပါ ပြဋ္ဌာန်းခွင့်ပြုချက်များအတိုင်း ဆောင်ရွက်နိုင်ပါကြောင်း အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။ **(သတင်းစဉ်)**

# (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်ဦးရေ၊ ပြိုင်ပွဲအရေအတွက်နှင့် (ရွှေ၊ ငွေ၊ ကြေး)ဆုရရှိမှု တန်းစီဇယား

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ပြိုင်ပွဲဝင် လူဦးရေ | ပြိုင်ပွဲဝင် အရေအတွက် | ရွှေ | ငွေ | ကြေး | အထူးဆု | နှစ်သိမ့် | ဂုဏ်ပြု | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|
| ၁။ | ရန်ကုန် | ၂၃၂ | ၂၇၆ | ၇၄ | ၂၇ | ၁၁ | | ၁ | | ၁၁၃ |
| ၂။ | မန္တလေး | ၁၂၅ | ၁၅၈ | ၁၇ | ၁၆ | ၈ | | ၁ | | ၄၂ |
| ၃။ | ဧရာဝတီ | ၉၂ | ၁၀၈ | ၁၀ | ၁၈ | ၁၁ | | ၁ | | ၄၀ |
| ၄။ | ပဲခူး | ၁၀၅ | ၁၁၆ | ၉ | ၁၄ | ၁၀ | | - | | ၃၃ |
| ၅။ | စစ်ကိုင်း | ၉၁ | ၉၈ | ၆ | ၈ | ၉ | | - | | ၂၃ |
| ၆။ | ရှမ်း | ၆၃ | ၆၈ | ၆ | ၈ | ၅ | | ၁ | | ၂၀ |
| ၇။ | မကွေး | ၇၄ | ၇၇ | ၆ | ၃ | ၆ | | - | | ၁၅ |
| ၈။ | မွန် | ၆၈ | ၆၈ | ၄ | ၃ | ၂ | | - | | ၉ |
| ၉။ | ကရင် | ၆၄ | ၆၇ | ၂ | ၃ | ၅ | | - | | ၁၀ |
| ၁၀။ | ရခိုင် | ၆၀ | ၆၆ | ၂ | ၂ | ၅ | | - | | ၉ |
| ၁၁။ | တနင်္သာရီ | ၆၆ | ၆၉ | ၂ | ၂ | ၂ | | - | | ၆ |
| ၁၂။ | ကယား | ၅၀ | ၅၃ | ၁ | ၂ | ၂ | | ၁ | | ၆ |
| ၁၃။ | ကချင် | ၅၇ | ၆၁ | ၁ | - | ၁ | | ၁ | | ၃ |
| ၁၄။ | ချင်း | ၄၉ | ၄၉ | - | - | ၁ | | ၁ | | ၂ |
| | **စုစုပေါင်း** | **၁၁၉၆** | **၁၃၃၄** | **၁၄၀** | **၁၀၆** | **၇၈** | | **၇** | | **၃၃၁** |

❖ *ရွှေဖုံးမှ*

အရည်အသွေးလက်မှတ်များ ရရှိနိုင်ရေးအထိ ဦးစားပေးဆောင်ရွက်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

"ဆန်စက်က တန် ၂၂၀ ဆန်စက်ဖြစ်ပါတယ်။ လုပ်ငန်းစတင်ခါစမှာ နေပြည်တော်အနီးတစ်ဝိုက်က လယ်မြေကနေထွက်တဲ့ စပါးတွေကို ကြိတ်ခွဲသွားမှာဖြစ်သလို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးကနေထွက်တဲ့ စပါးတွေကိုလည်း ကြိတ်ခွဲနိုင်ဖို့နဲ့ ရှမ်းပြည်နယ်က ထွက်ရှိတဲ့ ရှမ်းစပါးကိုပါ ကြိတ်ခွဲနိုင်အောင် ကြိုးပမ်းသွားမှာဖြစ်ပါတယ်။ စပါးအမျိုးအစားစုံကို ကြိတ်ခွဲနိုင်ဖို့ ရည်ရွယ်ထားပြီး အရည်အသွေးကိုလည်း အကောင်းဆုံးထိန်းသိမ်းမယ်"ဟု ဦးရဲမင်းအောင်က ပြောသည်။

အဆိုပါ ဆန်စက်ကြီးအပြင် ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်အတွင်း ဆန်စက်တစ်လုံးကို တည်ဆောက်လျက်ရှိရာ မကြာမီလုပ်ငန်းစတင်နိုင်တော့မည် ဖြစ်ကြောင်း သိရသည်။

"စပါးစိုက်ပျိုးသူတွေအတွက် အဆင်ပြေနိုင်မယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော်တို့ဘက်ကလည်း အများကြီးပံ့ပိုးပေးသွားဖို့ ရှိပါတယ်။ တောင်သူတွေအတွက် စပါးကနေဆန်ဖြစ်ဖို့ အခက်အခဲတွေကို ကျွန်တော်တို့ကူညီမယ်။ တောင်သူတွေအများစုက အဆင်ပြေရာကုန်သည်နဲ့ ဆန်စက်လုပ်ငန်းရှင်တွေဆီ စပါးရောင်းချနေကြရတာကို ကျွန်တော်တို့ ကူညီပြောင်းလဲပေးမှာဖြစ်ပါတယ်။ တစ်နှစ်လုံးအတွက် တန်ငါးသောင်းအထိ ကြိတ်ခွဲပေးမှာမို့ တောင်သူတွေ ရွေးချယ်စရာ အခွင့်အလမ်းတစ်ခုဖြစ်လာလို့ ဈေးနှိမ်ခံရတာတွေ ကင်းဝေးသွားမယ်"ဟု မြန်မာနိုင်ငံ လယ်ယာစိုက်ပျိုးရေး အများပိုင်ကော်ပိုရေးရှင်း (MAP-CO)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဆန်စက်များအပြင် ကုန်စည်သယ်ယူပို့ဆောင်ရေး အဆင်ပြေနိုင်မည့် ကုန်စည်ဆိုင်ခံတံတားများကိုလည်း ဒေသများတွင် တည်ဆောက်ပေးသွားရန်ရည်ရွယ်ထားပြီး ဆန်စပါးအဆင့်မြင့်မားရေးအတွက် ယခုကဲ့သို့ စုပေါင်းဖြေရှင်းခွင့် ရရှိခြင်းသည် စိုက်ပျိုးရေး ထုတ်ကုန်များအားလုံးအပေါ်တွင် အကျိုးကျေးဇူးရရှိနိုင်မည်ဖြစ်ကြောင်း အဆိုပါကော်ပိုရေးရှင်းမှ သိရသည်။

"ကျွန်တော်တို့ လုပ်ဆောင်နေတဲ့အထဲမှာ တောင်သူတွေနဲ့ အကျိုးတူပူးပေါင်းစိုက်ပျိုးနေတာတွေ ရှိပါတယ်။ ဒါတွေကလည်း သူတို့အတွက် ဈေးကွက်ရှာဖွေနေရတဲ့ အခက်အခဲကနေ လွှန်မြောက်စေမှာဖြစ်ပါတယ်။ လက်ရှိမှာ စမ်းသပ်တဲ့အနေနဲ့ ဧက ၅၀၀၀ကို အကျိုးတူပူးပေါင်းစိုက်နေတာပါ။ လာမယ့် မိုးစပါးစိုက်ပျိုးတဲ့အချိန်မှာ ဧကငါးသောင်းအထိ တိုးချဲ့ပြီး အကျိုးတူစိုက်ပျိုးသွားမယ်"ဟု ဦးရဲမင်းအောင်က ပြောသည်။

**(မြန်မာ့အလင်း)**

❂ *ကျောဖုံးမှ*

မြန်မာ့ရိုးရာလက်ဝှေ့ကို နိုင်ငံတကာကအသိအမှတ်ပြုလာစေရန် ပထမဦးဆုံးသွားရောက်ယှဉ်ပြိုင် ထိုးသတ်ခြင်းဖြစ်သည်။ သွားရောက်ယှဉ်ပြိုင်မည့် နိုင်ငံကျော်လက်ဝှေ့သမားများမှာ မြန်မာ့ရိုးရာလက်ဝှေ့တွင် ရှေ့တန်းမှပြေးနေသည့် တူးတူး(နဂါးမာန်)နှင့် ရဲတံခွန်(အလင်းရောင်)တို့ဖြစ်သည်။ တူးတူးသည် အသက် ၂၄ နှစ်ရှိပြီဖြစ်ပြီး အရပ် ၅ ပေ ၈ လက်မ၊ ဝိတ်တန်း ၇၅ ကီလို၊ ထိုးသတ်ခဲ့သည့် ပြည်တွင်း ပြည်ပပွဲပေါင်း ၅၀ တွင်နိုင်ပွဲ ၃၄ ပွဲ၊ သရေ ၁၆ ပွဲနှင့် ရှုံးပွဲမရှိ စံချိန်တင်ထားနိုင်သူဖြစ်သည်။ ထို့အပြင် ပြီးခဲ့သည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းနှင့် ၂၀၁၂ အာရှ(မွေ့)တို့တွင်လည်း ရွှေတံဆိပ်ဆုများ ဆွတ်ခူးထားသူဖြစ်သည်။

တူးတူးနှင့် ယှဉ်ပြိုင်ထိုးသတ်မည့် ဒင်းနစ်(ဆလိုဗက်ကီးယား) မှာ အသက် (၂၇)နှစ်၊ အရပ် ၅ ပေ ၈လက်မ၊ ဝိတ်တန်း ၇၅ ကီလို၊ ထိုးသတ်ခဲ့သည့် ပွဲပေါင်း ၆၀ တွင် နိုင်ပွဲ ၄၆ ပွဲ၊ သရေ နှစ်ပွဲနှင့် ရှုံးပွဲလေးပွဲ ယှဉ်ပြိုင်ထိုးသတ်ထားသူဖြစ်သည်။ ဒင်းနစ်သည် နိုင်ပွဲ ၄၆ ပွဲတွင် ရှစ်ပွဲက အလဲထိုးဖြင့် ပြိုင်ဘက်ကို အနိုင်ယူယှဉ်ပြိုင် ထိုးသတ်ထားသည့် လက်ဝှေ့ကျော်တစ်ဦးလည်း ဖြစ်သည်။

ဒုတိယယှဉ်ပြိုင်ထိုးသတ်မည့် မြန်မာ့လက်ဝှေ့ကျော် ရဲတံခွန် (အလင်းရောင်)မှာ အသက်(၂၃)နှစ်၊ ဝိတ်တန်း ကီလို ၇၀၊ အရပ် ၅ပေ ၇ လက်မ၊ ထိုးသတ်ခဲ့သည့် ပြည်တွင်း ပြည်ပပွဲပေါင်း ၄၂ ပွဲတွင် ၂၄ ပွဲနိုင်၊ သရေ ၁၅ ပွဲနှင့် ရှုံးပွဲသုံးပွဲယှဉ်ပြိုင်ထိုးသတ်ထားသူဖြစ်သည်။ ၎င်းနှင့် ယှဉ်ပြိုင်ထိုးသတ်မည့် ဗလာဒိုခွန်စကီး (ဆလိုဗက်ကီးယား)မှာ အသက် ၃၀၊ ဝိတ်တန်း ကီလို ၇၀၊ အရပ် ၅ ပေ ၇ လက်မ၊ ထိုးသတ်ခဲ့သောပွဲစဉ် ၆၄ ပွဲတွင် နိုင်ပွဲ ၂၈ ပွဲ၊ ရှုံးပွဲ ၃၆ ပွဲနှင့် သရေလုံးဝမရှိ ယှဉ်ပြိုင်ထိုးသတ်ထားသည့် မွေ့ထိုင်းလက်ဝှေ့ကျော် ဖြစ်သည်။

ယင်းဆလိုဗက်ကီးယား-အာရှ လက်ဝှေ့စိန်ခေါ်ပွဲတွင် မြန်မာ့ရိုးရာလက်ဝှေ့သမားများအနေဖြင့် ရိုးရာလက်ဝှေ့စည်းမျဉ်းစည်းကမ်းအတိုင်း သုံးမိနစ်နား ငါးချီယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။ ပြိုင်ပွဲကိုဆလိုဗက်ကီးယားနိုင်ငံ ဘန်စကာဘိုင်စထရီကာမြို့၌ ယခုလာမည့် မေ ၁၅ ရက်တွင် ယှဉ်ပြိုင်ထိုးသတ်သွားမည် ဖြစ် သည်။

ယခုယှဉ်ပြိုင်ထိုးသတ်မည့် ဆလိုဗက်ကီးယား-အာရှ လက်ဝှေ့စိန်ခေါ်ပွဲကို ဥရောပနိုင်ငံအများစုမှ လက်ဝှေ့ကျော်များနှင့် အာရှနိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်၊ ထိုင်း၊ အီရန်၊ မြန်မာနှင့် ထိုင်းနိုင်ငံတို့မှ လက်ဝှေ့ကျော်များ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

မြန်မာ့နိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့အနေဖြင့် အဖွဲ့ခေါင်းဆောင် ဦးစိုင်းဇော်ဇော်၊ နည်းပြဦးအောင်ကျော်စိုး၊ လက်ဝှေ့သမားများဖြစ်သည့် တူးတူး(နဂါးမာန်)နှင့်ရဲတံခွန် (အလင်းရောင်)တို့သည် ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဆလိုဗက်ကီးယားနိုင်ငံသို့ သွားရောက်ယှဉ်ပြိုင်ထိုးသတ်ရန် စတင်ထွက်ခွာသွားပြီ ဖြစ်သည်။

**(မြန်မာ့အလင်း)**



# တိုင်းရင်းသားတို့ ရိုးရာအကပြိုင်ပွဲများဖြင့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ နောက်ဆုံးနေ့ကျင်းပ




တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာ အကပြိုင်ပွဲ(အလွတ်တန်း)တွင် ကချင်ပြည်နယ်မှ ဂျိမ်းဖောရိုးရာခလေ့ တေးသရုပ်ဖော်အကဖြင့် ယှဉ်ပြိုင်စဉ်။

**နေပြည်တော် မေ ၁၂**

အကပြိုင်ပွဲခန်းမ စင်မြင့်။ တိုင်းရင်းသားရိုးရာဝတ်စုံများ တူညီစွာဝတ်ဆင်ထားသည့် ပြိုင်ပွဲဝင်များ၊ မြူးကြွသည့် ရိုးရာတေးသီချင်းသံစဉ်နှင့်အတူ အဖွဲ့လိုက်ညီညာစွာ ကပြပြိုင်ပွဲဝင်နေသည့် တိုင်းရင်းသားရိုးရာအကအဖွဲ့များ၊ မြူးမြူးကြွကြွ လှုပ်ရှားယိမ်းထိုးကပြ ပြိုင်ပွဲဝင်နေသည့် မြင်ကွင်းက ချစ်စရာကောင်းသည့် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာ အကစစ်စစ်များပင်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ မြန်မာ၊ ရခိုင်၊ ရှမ်း စသည့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအကများကို ဖော်ထုတ်ယှဉ်ပြိုင်စေသည့် ပြိုင်ပွဲမြင်ကွင်းက ကြက်သီးမွေးညင်းထလောက်အောင်မြိုင်မြိုင်ဆိုင်ဆိုင် ရှိလှသည်။ (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲက မေ ၁၂ ရက် နံနက်ပိုင်းတွင် နောက်ဆုံးပြိုင်ပွဲများ ပြီးဆုံးခဲ့ပြီဖြစ်သည်။

အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများ ကျင်းပရာ နေပြည်တော် ရေဆင်းတက္ကသိုလ်များ နယ်မြေရှိ အကပြိုင်ပွဲများကို မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်(ရွှေရတုခန်းမ)တွင် မေ ၁၂ ရက် နံနက်ပိုင်းက တိုင်းရင်းသားရိုးရာ အကနှင့် ကျေးလက်အက ပြိုင်ပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကိုယ်စားပြု အဖွဲ့များက ပါဝင်ယှဉ်ပြိုင်ကြသည်။

ကချင်ပြည်နယ် ကိုယ်စားပြု တိုင်းရင်းသားရိုးရာ အကအဖွဲ့က "ဂျိမ်းဖောရိုးရာခလေ့ တေးသရုပ်ဖော်အက"နှင့် ပြိုင်ပွဲဝင်ကြရာ မြူးကြွလှုပသောအကများအပြင် ပြိုင်ပွဲကို လာရောက်ကြည့်ရှု အားပေးသည့် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများအား ကချင်ခေါင်ရည်နှင့် ကချင်ရိုးရာမုန့်ထုပ်များကို ပြိုင်ပွဲဝင်ရင်းလိုက်လံဝေငှခဲ့ရာ ပရိသတ်များက လက်ခုပ်သံများဖြင့် အားပေးကြသည်။ စိတ်လှုပ်ရှားဖွယ် ကြည်နူးဖွယ်မြင်ကွင်းပင်။

ကရင်ပြည်နယ် ကိုယ်စားပြု တိုင်းရင်းသားရိုးရာ အကအဖွဲ့ကလည်း "ကယန်းရိုးရာမိုးခေါ်အက" ဖြင့် အမြင်ဆန်းသစ်ကာ ပရိသတ်များ အကြိုက်တွေ့အောင် ကပြပြိုင်ပွဲဝင်သွားနိုင်ခဲ့သည်။ ကရင်ပြည်နယ် ကိုယ်စားပြုအဖွဲ့ကလည်း"မျိုးဆက်သစ် လူငယ်မောင်မယ် ကရင်ရိုးရာဒုံးယိမ်းအက"ကို မြူးမြူးကြွကြွ ညီညီညာညာဖြင့် စိတ်လှုပ်ရှားဖွယ် ကပြပြိုင်ပွဲဝင်နိုင်ခဲ့သည်။ ချင်းပြည်နယ် ကိုယ်စားပြု တိုင်းရင်းသားရိုးရာ အကအဖွဲ့ကလည်း "တောင်သူဦးကြီးတို့၏ ဘဝတေးသရုပ်ဖော်အက"ဖြင့် အမြင်ထူးခြားသော တင်ဆက် ကပြပြိုင်ပွဲဝင်ခဲ့ပြီး မွန်ပြည်နယ် ကိုယ်စားပြုအဖွဲ့က ဟသ်ာတို့ပျော်ရာမြေ ယိမ်းအကဖြင့် ယှဉ်ပြိုင်ခဲ့သည်။

ဆက်လက်ပြီး ရခိုင်ပြည်နယ်အဖွဲ့က "ပျော်စရာစုံညီ ရခိုင်ပြည်နယ်က သုံးရာသီ" အက၊ ရှမ်းပြည်နယ် ကိုယ်စားပြုအဖွဲ့က "ရှမ်းရိုးရာအက"၊ စစ်ကိုင်းတိုင်းဒေသကြီးအဖွဲ့က "ကျေးလက်အက"၊ တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားပြုအဖွဲ့က "ရှင်တောင်းပုံဘုရား ပူဇော်ယိမ်းအက"၊ ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြုအဖွဲ့က "ကရင်ရိုးရာဒုံးအက"၊ မကွေးတိုင်းဒေသကြီး ကိုယ်စားပြုအဖွဲ့က "ချင်းရိုးရာဝါးညှပ်အက"၊ မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြုအဖွဲ့က "ကျေးလက်ရိုးရာယိမ်းအက"၊ ရန်ကုန်တိုင်းဒေသကြီးအဖွဲ့က "ဗုံကြီးသံအလှ ဒိုးကလေးအက"၊ ဧရာဝတီတိုင်းဒေသကြီး အဖွဲ့က "ကရင်ဒုံးယိမ်းအက" တို့ ပါဝင်ယှဉ်ပြိုင်ကြရာ ပရိသတ် အကြိုက်တွေ့စေသည့် ပြိုင်ပွဲများ ဖြစ်ခဲ့သည်။

စိုက်ပျိုးရေးတက္ကသိုလ် (စုဝေးခန်းမ)တွင် ကျင်းပသည့် အမျိုးဂုဏ်၊ ဇာတိဂုဏ်တေးသီချင်း အဆိုပြိုင်ပွဲ၌ ကချင်၊ ချင်း၊ မွန်၊ ရှမ်းပြည်နယ်များမှ ပြိုင်ပွဲဝင်များနှင့် စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး၊ ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များ နောက်ဆုံးနေ့အဖြစ် ပါဝင်ဆင်နွှဲကြသည်။ အားမာန်အပြည့်ဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်သီချင်းများ သီဆိုပြိုင်ပွဲဝင်နေမှုမှာ ပင်ကိုအသံကောင်းသူများ ဖြစ်ပြီး အကြိတ်အနယ်ရှိသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာန (သင်တန်းခန်းမ-၁)တွင် ကျင်းပသည့် အရေး (တေးသီချင်းပြိုင်ပွဲ)တွင် အဆင့်မြင့်ပညာ(ကျား၊မ)၌ မန္တလေးတိုင်းဒေသကြီးမှ မောင်စိုးမိုးသူနှင့် ရန်ကုန်တိုင်းဒေသကြီးမှ မသန်းသန်းနိုင်တို့က ပါဝင်ယှဉ်ပြိုင်ကြသည်။ အခြေခံပညာ (၁၅-၂၀) (ကျား၊မ) ပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ မောင်သက်ပိုင်ဖြိုး၊ ရန်ကုန်တိုင်းဒေသကြီးမှ မောင်စွမ်းထက်တို့ ပါဝင်ဆင်နွှဲကြသည်။

ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲများ ကျင်းပရာ သစ်တောသုတေသနဌာန (စုဝေးခန်းမ)တွင် ဝါသနာရှင် (ဒုတိယတန်း) (မ)ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ မြန်မာပြည်စိမ်း၊ အခြေခံပညာ( ၁၀-၁၅) (မ) ပြိုင်ပွဲတွင်မကွေးတိုင်းဒေသကြီးမှ မစိုးဒါလီ၊ မန္တလေးတိုင်းဒေသကြီးမှ မယွန်းဝတီဗိုလ်၊ ရန်ကုန်တိုင်းဒေသကြီးမှ မဝေဇင်ဖြိုးတို့က အပြိုင်အဆိုင် လက်စွမ်းပြကာ ယှဉ်ပြိုင်ကြသည်။

စိုက်ပျိုးရေးတက္ကသိုလ် (ပတ္တမြားခန်းမ)တွင် ကွက်စိပ်ဝါသနာရှင် အဆင့်ပြိုင်ပွဲကျင်းပရာ စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များ ပါဝင်ယှဉ်ပြိုင်ကြသည်။ ဆက်လက်ပြီး သစ်တောတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ) တွင် ဒုံမင်းအတီးပြိုင်ပွဲများကျင်းပရာ ဝါသနာရှင်( ပထမတန်း)(မ) ပြိုင်ပွဲတွင် ပဲခူးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များ၊ ဝါသနာရှင် (ဒုတိယတန်း) (ကျား) ပြိုင်ပွဲတွင် ရှမ်းပြည်နယ်နှင့် စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များ၊ ဝါသနာရှင် (ဒုတိယတန်း)(မ) ပြိုင်ပွဲတွင် မကွေးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များ ပါဝင်ဆင်နွှဲကြသည်။

(၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ ဆုချီးမြှင့်ပွဲကို နေပြည်တော် MICC-2 တွင် မေ ၁၃ ရက် နံနက် ၉ နာရီမှ စတင်ပြီး ဆုများချီးမြှင့်ပေးသွားမည်ဖြစ်သည်။

**(မြန်မာ့အလင်း)**

သတင်း-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)


## ပျောက်ဆုံးကြောင်း

Myanmar Economic Holding Limited ၏ မော်တော်ယာဉ် ဝယ်ယူခွင့် ပါမစ်အမှတ် 12.13.14143(11/01/13)နှင့် ဒေါ်ခင်အေးဟန် ၁၂/တဂဒ(နိုင်)၁၁၉၅၆၁၏ မော်တော်ယာဉ်ဝယ်ယူခွင့်ပါမစ်အမှတ် SCP 12 13 1845(31/05/12)တို့ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၁-၃၉၈၃၀၄၊ ၂၄၁၂၆၂

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4E/4224 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်6B/9594 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန (ရွာသာကြီး)**

## ဖခင်အမည်မှန်

ပွင့်ဖြူမြို့နယ်၊ မဲဇလီကျေးရွာ၊ အထက (မဲဇလီ)၊ စတုတ္ထတန်းမှ မချိုဇင်သန့်၏ ဖခင်အမည်မှန်မှာ ဦးသိန်းလင်းစိုး ၈/ပဖန(နိုင်)၀၇၅၁၆၄ ဖြစ်ပါကြောင်း။

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4H/6760၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးတွင် ဖွဲ့စည်းထားသော အရန်မီးသတ်တပ်ဖွဲ့ဝင်များအတွက် တူညီဝတ်စုံများနှင့်ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များအတွက် ရှာဖွေကယ်ဆယ်ရေးဝတ်စုံများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုသဖြင့် လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများနှင့် တင်ဒါစည်းကမ်းချက်များကို ကြေညာသည့်ရက်မှစ၍ ရုံးချိန်အတွင်း မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါ အိတ်ဖွင့်တင်ဒါများကို ၁၂-၆-၂၀၁၅ ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ မကွေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှူးရုံးသို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန**
**မကွေးတိုင်းဒေသကြီး**
**ဖုန်း-၀၆၃-၂၃၂၃၁၊ ၀၉-၂၅၉၀၁၃၂၆၆**

# Y.E.S. International English Language Centre

Since 1994 ကျောင်းခွဲမရှိပါ။
ဆရာဦးမြင့်ခေအာင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော

တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ၊အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများအတွက်

**Basic Spoken English**
Mon to Thurs-1:00-3:00 pm 11 May
Mon to Thurs-7:30-9:30 am 18,25 May
Sat & Sun - 9:00-12:00 am 23 May
Mon to Thurs-5:30-7:00 pm 25 May
Mon to Thurs-7:30-9:30 am 1 Jun
Mon to Thurs-10:00-12:00 am 1 Jun

**Grammar Foundation Course**
Mon to Thurs - 10:00-12:00 am 11 May
Sat & Sun - 90:00-12:00 am 16 May
Mon to Thurs-3:30-5:00 pm 8 Jun

**Vocabulary Enrichment Course**
Mon to Thurs-3:30-5:00 pm 18 May

**Pre-Intermediate English**
Mon toThurs 5:00-7:00 pm 4 May
Mon to Thurs-10:30-12:30 am 11 May
Mon to Thurs-7:30-9:30 am 18 May
Sat & Sun - 12:30-3:30 pm 30 May

**Structure & Written Expression**
Mon to Thurs-4:00-5:30pm 18 May
Mon to Thurs-5:30-7:00pm 18 May

**Basic Writing Course**
Sat & Sun - 12:30-3:30 pm 9 May

TOEFL,IELTS,SAT,API,AWC,IE

No.190, 2nd Flr.,28th St:(Upper), Pabedan Tsp. Ph: 01-243950, 246910

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၁) ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ၄၆လမ်း၊ သိုလှောင်ရုံရှိ နှစ်ကြာစက္ကူဟောင်း ၃၈မျိုးအား ပုံတိုက်အနေဖြင့် တင်ဒါခေါ်ယူရောင်းချသွားမည်ဖြစ်ပါသည်။
(၂) တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းချက်များ ရောင်းချရက် ၁၁-၅-၂၀၁၅ရက်မှ ၁၅-၅-၂၀၁၅ရက်
(၃) ပစ္စည်းများလာရောက်ကြည့်ရှုခြင်းနှင့် အာမခံစပေါ်ငွေပေးသွင်းရက် ၁၁-၅-၂၀၁၅ရက်မှ ၁၅-၅-၂၀၁၅ရက်
(၄) တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုခြင်း၊ တင်ဒါဖောင်ဝယ်ယူလိုခြင်းများအတွက် ၁၁-၅-၂၀၁၅ ရက်မှ ၁၅-၅-၂၀၁၅ ရက်အထိ အောက်ပါဌာနတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

**တင်ဒါရောင်းချရေးအဖွဲ့**
**အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်**
**ဖုန်း-၀၁-၃၈၂၀၇၀၊ ၀၁-၃၈၀၈၀၄**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်၊ လမ်းဦးစီးဌာန၊ ဗန်းမော်ခရိုင်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/ပြည်နယ်ဘဏ္ဍာရေးရန်ပုံငွေဖြင့် လမ်း/တံတား လုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့်ဘိလပ်မြေ၊ သံချောင်း၊ ကျောက်မျိုးစုံ၊ မြစ်သဲများအား ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

**တင်ဒါအမှတ်(၁)** ၂၀၁၅-၂၀၁၆
(က) **တင်ဒါလျှောက်လွှာဝယ်ယူနိုင်သည့်ရက်** - ၁၄-၅-၂၀၁၅ရက်
(ခ) **တင်ဒါလျှောက်လွှာတင်သွင်းရမည့် နောက်ဆုံးရက်** - ၂-၆-၂၀၁၅ရက်
(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ဗန်းမော်ခရိုင်၊ ဗန်းမော်မြို့

၂။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံကို ရုံးချိန်အတွင်း လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ဗန်းမော်မြို့ ဖုန်း-၀၇၄-၅၀၀၁၉ တွင်လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

# ကိုးကန့်သောင်းကျန်းသူများ၏ ခုခံတိုက်ခိုက်မှုများကို တပ်မတော်စစ်ကြောင်းများက ပစ်ကျင်းများတူး၍ ရဲဝံ့စွန့်စားစွာ တိုက်ခိုက်ချေမှုန်း

**နေပြည်တော် မေ ၁၂**

ကိုးကန့်သောင်းကျန်းသူများ အခြေပြုခဲ့သည့် ရှင်ခုတ်ထန်ဒေသနှင့် စန်တအိုက်ရှန် ဒေသတို့အား တပ်မတော်ကထိုးစစ်ဆင် တိုက်ခိုက်ချေမှုန်းနိုင်ခဲ့သဖြင့် သောင်းကျန်းသူများသည် အင်အားများပြိုကွဲကာ ဆုတ်ခွာထွက်ပြေးခဲ့ပြီး နယ်မြေကျဉ်းမြောင်းလာသဖြင့် ၎င်းဒေသမှ အင်အားများကို စုစည်းကာ နှစ်နိုင်ငံနယ်နိမိတ်မှတ်တိုင် အမှတ်(၁၁၁)မှ ဝင်ရောက်ပြီး မာလုရွှေကျေးရွာ အရှေ့ဘက်ရှိ တောင်ကုန်းများ၌ အခိုင်အမာ အခြေပြု ခံစစ်ဆင်လာခဲ့သည်။

ကိုးကန့်သောင်းကျန်းသူများ အခိုင်အမာအခြေပြု ခံစစ်ဆင်ထားသော တောင်ကုန်းများအား တိုက်ခိုက်သိမ်းပိုက်နိုင်ရန်အတွက် တပ်မတော်စစ်ကြောင်းများသည် ဧပြီလကုန်တွင် အင်အားများစုဖွဲ့ခဲ့ပြီး မေလပထမပတ်မှစတင်၍ တိုက်ခိုက်ချေမှုန်းခဲ့သည်။ ကိုးကန့်သောင်းကျန်းသူများ၏ ခုခံတိုက်ခိုက်မှုများကို တပ်မတော်စစ်ကြောင်းများက ပစ်ကျင်းများတူး၍ အဆင့်ဆင့်ချဉ်းကပ်ပြီး လေကြောင်းပစ်ကူ၊ လက်နက်ကြီး ပစ်ကူများရယူကာ ရဲဝံ့စွန့်စားစွာဖြင့် လုံ့စွပ်ထိုးတိုက်ခိုက်၍ အနီးကပ်ထိုးဖောက် ချေမှုန်းခဲ့သည်။



ထိုသို့ ရဲဝံ့စွန့်စားစွာ တိုက်ခိုက်ချေမှုန်းခဲ့ခြင်းကြောင့် မာလုရွှေကျေးရွာ အရှေ့ဘက်ရှိ ကိုးကန့်သောင်းကျန်းသူများ အခိုင်အမာခြေကုပ်ယူထားသော ပွိုင့်-၁၆၀၇ တောင်ကုန်းအား မေ ၁၁ ရက် မွန်းလွဲ ၁ နာရီခွဲတွင်လည်းကောင်း၊ ပွိုင့်-၁၇၀၉ တောင်ကုန်းအား ည ၇ နာရီတွင်လည်းကောင်း သိမ်းပိုက်ရရှိခဲ့သည်။ ဆက်လက်၍ သောင်းကျန်းသူများ အခိုင်အမာအခြေပြုထားသော ပွိုင့်-၁၇၄၂ တောင်ကုန်းသို့ အောင်မြေချဲ့ထွင် တိုက်ခိုက်ခဲ့ရာ ယနေ့ မွန်းလွဲ ၂ နာရီတွင် အောင်မြင်စွာ သိမ်းပိုက်ရရှိခဲ့သည်။

ထို့ပြင် ဆုတ်ခွာထွက်ပြေးသွားသော ကိုးကန့်သောင်းကျန်းသူများအား တပ်မတော်စစ်ကြောင်းများက ထက်ကြပ်မကွာ လိုက်လံချေမှုန်းတိုက်ခိုက်လျက်ရှိသည်။



ဖြစ်စဉ်တွင် ကိုးကန့်သောင်းကျန်းသူများထံမှ အလောင်းခုနစ်လောင်း၊ အာရ်ပီဂျီသုံးလက်၊ စက်လတ်နှစ်လက်၊ အမ်(၂၂)သေနတ်ခြောက်လက်၊ ကေ(၁၂)သေနတ်တစ်လက် စုစုပေါင်း လက်နက်မျိုးစုံ ၁၂ လက်၊ ကျည်အိမ်မျိုးစုံ ၃၅ ခု၊ ကျည်မျိုးစုံ ၅၁၅၅ တောင့်၊ ဗုံးသီးမျိုးစုံအလုံး ၃၀၊ မိုင်းမျိုးစုံ ၁၅ လုံး၊ လက်ပစ်ဗုံး ၆၇ လုံး၊ စက်လတ်ကျည်ခါးပတ်တွဲသုံးတွဲ၊ အာရ်ပီဂျီပို့ကျည်ကိုးတောင့်၊ ယမ်းထုပ်ငါးထုပ်နှင့် ဆက်စပ်ပစ္စည်းများ၊ အသုံးဆောင်ပစ္စည်းများ၊ ဘန်ကာများ၊ ပစ်ကျင်းများ၊ သောင်းကျန်းသူအင်အား ၁၀၀ ခန့် ခိုအောင်းနေထိုင်နိုင်သော မြေအောက်လိုဏ်ခေါင်းများ သိမ်းဆည်းရမိခဲ့သည်။ တပ်မတော်မှ စစ်သည်အချို့ နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ပြီး အရာရှိ၊ စစ်သည်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းကြောင့် ဒဏ်ရာရရှိသူများအား တပ်မတော်ဆေးရုံများသို့ အမြန်ဆုံးပို့ဆောင်၍ ဆေးဝါးများ ကုသပေးလျက်ရှိသည်။

လောက်ကိုင်ဒေသအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် တပ်မတော်စစ်ကြောင်းများက အသက်ကို ပဓာနမထားဘဲ စွန့်လွှတ်စွန့်စား စိတ်ဓာတ်ဖြင့် ဆုတ်ခွာသွားသော ကိုးကန့်သောင်းကျန်းသူများအား ရဲရဲတက် တိုက်ခိုက်ချေမှုန်းသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက်တစ်ပတ်အတွင်း ပျမ်းမျှအရင်းဈေးကို ထုတ်ပြန်ပေးသွားမည်

**ရန်ကုန် မေ ၁၂**

ပြည်တွင်း၌ ဖြန့်ဖြူးရောင်းချလျက်ရှိသည့် စက်သုံးဆီများကို ပြည်ပမှမှာယူတင်သွင်းလျက်ရှိပြီး နေ့စဉ်ဖြစ်ပေါ်လျက်ရှိသော နိုင်ငံတကာ စက်သုံးဆီဈေးနှုန်း (MOPS Price)၊ ငွေလဲလှယ်နှုန်း(Exchange Rate) နှင့် ပြည်တွင်းသုံးစွဲမှုများပေါ်မူတည်၍ ပြည်တွင်းစက်သုံးဆီ ရောင်းဈေးနှုန်းမှာလည်း အတက်အကျဖြစ်ပေါ်ပြောင်းလဲလျက်ရှိသည်။

စွမ်းအင်ဝန်ကြီးဌာန ရေနံထွက်ပစ္စည်းများ တင်သွင်းသိုလှောင်သယ်ယူဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီ၏ညွှန်ကြားချက်အရ မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းအနေဖြင့် နေ့စဉ်ဖြစ်ပေါ်လျက်ရှိသည့် နိုင်ငံတကာစက်သုံးဆီဈေးနှုန်း (MOPS Price)၊ ငွေလဲလှယ်နှုန်း(Exchange Rate)၊ ပရီမီယမ်ကြေး၊ ပေးဆောင်ရမည့်အခွန်အခများနှင့် သိုလှောင်ကိုင်တွယ်စရိတ်များကို အခြေခံတွက်ချက်၍ ပြည်ပမှမှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက်တစ်ပတ်အတွင်း ပျမ်းမျှအရင်းဈေးကို အပတ်စဉ် တနင်္လာနေ့တိုင်း ရုပ်မြင်သံကြားနှင့် နေ့စဉ်ထုတ်သတင်းစာများတွင် ထည့်သွင်းဖော်ပြသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(တင်နိုင်စိုး)**

## မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင် လမ်းဦးစီးဌာနအတွက်

## ကတ္တရာအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ လမ်းဦးစီးဌာနတွင် လမ်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကတ္တရာ (၈၀/၁၀၀)အမျိုးအစား တန် ၂၀၀၀ အား မြန်မာကျပ်ငွေတန်ဖိုးဖြင့် ဝယ်ယူလိုပါသည်။

၂။ ကတ္တရာ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် လျှောက်လွှာနှင့်အတူ တင်သွင်းမည့် ကတ္တရာအား ထုတ်လုပ်သည့်နိုင်ငံအမည်၊ ကတ္တရာတစ်တန်တွင်ပါဝင်သည့် ကတ္တရာပီပါအရေအတွက်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ တရားဝင်တင်သွင်းခွင့်ပြုပြီး သွင်းကုန်ပစ္စည်းခွန် (Custom Duty) ပေးဆောင်ထားပြီးဖြစ်ကြောင်း ထောက်ခံချက်၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ ကတ္တရာအရည်အသွေးစစ်ဆေးထောက်ခံချက်တို့နှင့်အတူ အောက်ပါကတ္တရာအရည်အသွေးနှင့်အညီ လျှောက်ထားရပါမည်။

**Specification of Straight Asphalt 80/100 Grade**

| Sr no | Specification | | |
|---|---|---|---|
| (a) | Penetration at 25 C | D 5-86 | 100-20 |
| (b) | Softening Point(Ring & Ball)(C) | D 36-86 | 41-51 |
| (c) | Solubitity in Trichlorethylene(%) | D 2042-81 | 99.5 (Min) |
| (d) | Specific Gravity at 25C | D 70-82 | 1.00-1.06 |
| (e) | Ductility at 25 C(cm) | D 113-79 | 100 (Min) |
| (f) | Loss on Heating by Weight(%) | D 6-80 | 0.5 (Mix) |
| (g) | Flash Point(C) | D 92-85 | 225 (Min) |
| (h) | Penetration After Loss on Heating | D 5-86 | 80 (Min) |

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို မွန်ပြည်နယ်၊ လမ်းဦးစီးဌာန၊ မော်လမြိုင်ခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် ၁၂-၅-၂၀၁၅ ရက်မှ ၂၂-၅-၂၀၁၅ ရက်အထိ ရောင်းချမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၅-၅-၂၀၁၅ရက် နံနက် ၁၀ နာရီဖြစ်ပြီး ဖွင့်လှစ်မည့်အချိန်နှင့်နေရာမှာ ၂၅-၅-၂၀၁၅ရက် နံနက် ၁၀ နာရီတွင် မွန်ပြည်နယ်၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မော်လမြိုင်မြို့၌ ဖြစ်ပါသည်။

၅။ တင်သွင်းမည့် ကတ္တရာဈေးနှုန်းပေးချေခြင်းနှင့်ပတ်သက်၍ ကတ္တရာ တစ်တန်၏ ပင်မတန်ဖိုး(ရန်ကုန်ဈေးနှုန်း)အပေါ်တွင် ပြည်တွင်းအခွန်များ ဦးစီးဌာနသို့ ပေးချေရမည့် With Holding Tax ကို ခုနှိမ်၍ ကျန်ငွေအား ပေးချေမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို ၁၂-၅-၂၀၁၅ ရက်မှ ၂၂-၅-၂၀၁၅ရက်အထိ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး**
**လမ်းဦးစီးဌာန**
**မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့၊ ဖုန်း-၀၅၇-၂၄၇၅၉**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၇)မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု/ပြည်နယ်(ငွေလုံးငွေရင်း၊ ပြင်ထိန်း)ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကလေး- ဖလမ်း-ဟားခါးလမ်း မိုင်(၈/၇-၆၈/၅) အပိုင်းအတွင်း လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် (ကျောက်ရွယ်စုံ၊ သဲ၊ ဘိလပ်မြေ၊ သံချောင်း)များကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

၂။ ဝယ်ယူလိုသည့် တည်ဆောက်ရေးသုံးပစ္စည်းများ၏ အသေးစိတ်စာရင်းများကို ဒုတိယညွှန်ကြားရေးမှူး (ကလေးဝမြို့)ရုံးတွင် စုံစမ်းနိုင်ပါသည်။ (ရုံးဖုန်း-၀၇၃-၄၄၀၀၅)

၃။ တင်ဒါလျှောက်လွှာပုံစံများကို လမ်းအထူးအဖွဲ့(၇)၊ ဒုတိယညွှန်ကြားရေးမှူးရုံး၊ ကလေးဝမြို့တွင် ၁၄-၅-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၄-၅-၂၀၁၅ရက်၊ ၁၆း၃၀နာရီ
**တင်ဒါရွေးချယ်မည့်ရက်/အချိန်** - ၂၅-၅-၂၀၁၅ရက်
**တင်ဒါရွေးချယ်မည့်နေရာ** - ဖလမ်းခရိုင်၊ လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံး

**တင်ဒါစိစစ်ရေးကော်မတီ**




**အောင်ပြည့်စုံ**
ဒဂုံမြို့သစ်မြောက်ပိုင်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း ဆိပ်ကမ်းမြို့နယ်များ ဈေးကောင်းပေးဝယ်သည်။
09-5232770
09-5134770

## ပြင်ဆင်ဖတ်ရှုပါရန်

၉-၅-၂၀၁၅ ရက်ထုတ် ဤသတင်းစာ ကြော်ငြာကဏ္ဍစာမျက်နှာ (ဃ)ပါ မောင်စောအောင်မြင့်(ခ)စောအာကာနှင့် မဥမ္မာခိုင်တို့၏ မင်္ဂလာဆုတောင်းကြော်ငြာတွင် မောင်စောအောင်မြင့်(ခ) စောအာကာအစား မောင်စောအောင်မြင့်သန်း(ခ)စောအာကာဟု ပြင်ဆင်ဖတ်ရှုပါရန်။

# စာတတ်မြောက်ရေးလှုပ်ရှားမှု

ဒေါ်တင်တင်ထွေး
စာကြည့်တိုက်(မှူး)
ဟသ်ာတတက္ကသိုလ်

ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် စာတတ်မြောက်ရေး လုပ်ငန်းကို လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများသည် အင်တိုက် အားတိုက် ဆောင်ရွက်လျက်ရှိပါသည်။

ခေတ်မီတိုးတက်သော ခေတ်ကြီးတွင် ပညာခေတ်၏ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန်အတွက် လည်းကောင်း၊ နိုင်ငံနှင့် လူမျိုးအကျိုး ကြိုးပမ်းဆောင်ရွက်နေသည့် ပညာရှိများပေါ်ပေါက်လာစေရန်အတွက် လည်းကောင်း၊ လူ့ဘောင်အဖွဲ့အစည်း ဖြစ်ပေါ်အောင် တည်ဆောက်ရာတွင် အဓိကကျသော အခြေခံအကြောင်းအရင်းမှာ လူတိုင်းစာတတ်မြောက်ရေးပင် ဖြစ်ပါသည်။

လူတစ်ဦးချင်းစီ၏ ယဉ်ကျေးခြင်း၊ ရိုင်းစိုင်းခြင်းကို သုံးသပ်ရာတွင် ဗဟုသုတကိုကြည့်၍ သုံးသပ်နိုင်ပါသည်။ ပညာဗဟုသုတ ပြည့်စုံမှသာလျှင် လူတိုင်းလူတိုင်း၏ ဘဝအခြေအနေသည် ကြီးပွားတိုးတက်လာမည်ဖြစ်ပါသည်။ ပညာဗဟုသုတကင်းမဲ့သော စိတ်တိုင်းမှာ အစာအာဟာရ ကင်းမဲ့သော ခန္ဓာကိုယ်ကဲ့သို့ အားအင်ချည့်နဲ့ကာ အသုံးမဝင်ဖြစ်ပေမည်။ ထိုသို့ မဖြစ်ရလေအောင် ပညာဗဟုသုတကျယ်ပြန့်ရန်အတွက် စာပေဖတ်ရှုမှတ်သားရပါမည်။ ပညာဗဟုသုတ ကျယ်ပြန့်ရန်အတွက် စာဖတ်ရမည်ဖြစ်သောကြောင့် လူတိုင်းစာတတ်မှသာ ဖြစ်ပေတော့မည်။ တစ်ဦးချင်းတစ်ယောက်ချင်း စာတတ်ရုံနှင့်မဖြစ်နိုင်၊ လူတိုင်းလူတိုင်း စာတတ်မှသာလျှင် စာပေဗဟုသုတ တိုးပွားပြီး တိုင်းကျိုးပြည်ကျိုးကို သယ်ပိုးနိုင်မည် ဖြစ်ပါသည်။ စာမတတ်သူများပြားလျှင် တိုင်းပြည်သည်လည်း ကြီးပွားတိုးတက်နိုင်မည် မဟုတ်ပါ။ ထို့ကြောင့် လူသားတိုင်း စာတတ်မြောက်ရေးသည် တိုင်းပြည်အတွက် အရေးကြီးဆုံး အချက်တစ်ချက်ဖြစ်သည်။

ဤကမ္ဘာမြေကြီး၌ မှီတင်းနေထိုင်ကြသော သက်ရှိသတ္တဝါအားလုံးတို့တွင် လူသည် အသိဉာဏ်အရှိဆုံး၊ အဆင့်မြင့်ဆုံးသော သူများဖြစ်ကြပါသည်။ လူတို့သည် မိမိတို့နေထိုင်ရာကမ္ဘာကြီး သာယာဝပြောရေးအတွက် အစဉ်အမြဲ ကြိုးပမ်းနေကြသည်။ ထိုသို့ ဆောင်ရွက်နိုင်ခြင်းမှာ စာဖတ်ခြင်းမှရရှိသော အသိပညာများပင်ဖြစ်ပါသည်။ အသိဉာဏ်တရား ဖွံ့ဖြိုးစေရန်အတွက် "စာပေ" အာဟာရကိုမှီဝဲရပါသည်။ လူသားတစ်ဦး လောကတွင် တင့်တယ်စွာ နေထိုင်နိုင်ရန်အတွက် ဖန်တီးပေးနိုင်သည့် တစ်ခုတည်းသော တန်ခိုးရှင်မှာ "စာပေ"ပင် ဖြစ်ပါသည်။

ယနေ့ နှစ်ဆယ်တစ်ရာစုသည် ပညာရာစုဖြစ်ပါသည်။ ခေတ်မှာလည်း ပညာခေတ်ဖြစ်ပါသည်။ ပညာကို အလွန်တန်ဖိုးထားသော ခေတ်ဖြစ်သောကြောင့် လူတိုင်းသည် ပညာရရှိရေးကို အထူးအလေးထား ကြိုးစားနေရမည်ဖြစ်ပါသည်။ ပညာသည် အမှား၊ အမှန် ခွဲခြားတတ်သည့် လူ့စွမ်းရည်တစ်ရပ်ဖြစ်ပါသည်။ "စာပေ" ဟူသည် လူသားတို့၏ အနာဂတ်ကာလ အသိဉာဏ်တိုးတက်မြင့်မားစေရန်အတွက် အကြီးမားဆုံးသော အထောက်အကူပြုလက်နက်ကြီးဖြစ်ပါသည်။ စိတ်ကို အသိဉာဏ်က အုပ်စိုး၏ စာပေအဆင့်အတန်း မြင့်မားမှ လူမျိုးဂုဏ် တင့်တယ်ပေမည်။ ထို့ကြောင့် လူမျိုးတစ်မျိုး၏ အဆင့်အတန်းကို သိလိုလျှင် စာတတ်မတတ်ကို ကြည့်ရမည်ဟု ရှေးက အဆိုရှိခဲ့ဖူးသည်။

စာပေသည်ရိုင်းသူကိုယဉ်စေ၍၊ ယဉ်သူကိုပို၍ယဉ်စေပါသည်၊ စာများများဖတ်ခြင်းဖြင့် ခေတ်နှင့်အညီ ရင်ပေါင်တန်းနိုင်မည်ဖြစ်ပါသည်။ "မန်လည်ဆရာတော်ဘုရားကြီးက ပညာပြည့်ဝ၊ နှလုံးလှသော်၊ ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်၊ ကျဉ်းကျယ် ထွင်းဖောက်၊ ဖြတ်တောက်လိုရာ၊ ပြီးနိုင်စွာ၏"ဟု မဃဒေဝကျမ်းတွင် ဖွင့်ဆိုထားပါသည်။ စာပေမှရရှိသော အကျိုးကျေးဇူးများသည် ဘဝတည်ငြိမ်မှု၊ စိတ်ဓာတ်ခိုင်မာ ရင့်သန်မှု၊ အတွေးအခေါ် မြင့်မားမှု၊ အမြော်အမြင်ကြီးမားမှု စသည့် အကျိုးကျေးဇူးများကို ရရှိစေပါသည်။ စာပေဟုဆိုပါက မည်သည့်စာတိုပေစကို မဆို ဖတ်သင့်ပါသည်။ "စဉ်ဆက်ကျများ၊ မိုးပေါက်များသော်၊ အင်းနားချောင်းကန်၊ ပြည့်သောဟန်သို့" ဆိုသည့် အတိုင်း တဖြည်းဖြည်းချင်း ဗဟုသုတများတိုးပွားလာမည်ဖြစ်ပါသည်။

စာပေသည် ခေတ်၏ကြေးမုံ ဖြစ်ပါသည်။ စာပေလေ့လာခြင်း၊ စာဖတ်ခြင်းတို့မှာ လူတိုင်းလုပ်ဆောင်သင့်သော အလုပ်တစ်ခုဖြစ်ပါသည်။ လူတိုင်းအတွက် သိသင့်သိထိုက်သည့် ဗဟုသုတကိုလည်း စာဖတ်ခြင်းမှ အများဆုံးရရှိနိုင်ပါသည်။ လူငယ်များအနေဖြင့် စာဖတ်ဝါသနာပါမှသာလျှင် ဗဟုသုတများစွာရရှိပြီး ကိုယ်ချင်းစာနာတတ်သည့် စိတ်ဓာတ်များ တိုးပွားလာမည်ဖြစ်ပါသည်။ ထို့ကြောင့် စာဖတ်ခြင်းသည် "စိတ်ဓာတ်မြင့်မားရေး" အတွက် အကောင်းဆုံးသော အရာပင်ဖြစ်သည်။

"ရှင်မဟာရဋ္ဌသာရဆုံးမစာ၊ လောကသာရပျို့" စသော ကဗျာတို့ကို ဖတ်ရှုခြင်းဖြင့် အသိလိမ္မာကို တိုးပွားစေပါသည်။ "ဝံသာနုအထည်" ကဗျာကို ဖတ်ရှုခြင်းဖြင့် အမျိုးသားစိတ်ဓာတ်ကို ရင့်သန်စေပါသည်။

ထို့ကြောင့် လူတိုင်းစာတတ်မြောက်စေရန် မြန်မာနိုင်ငံတွင် နိုင်ငံတော်အစိုးရက ကြီးမှူး၍ ၁၉၆၄ ခုနှစ်မှစ၍ စာတတ်မြောက်ရေးလှုပ်ရှားမှုကို စတင်ဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံတွင် စာတတ်မြောက်ရေးလှုပ်ရှားမှုကို လူထုလှုပ်ရှားမှုအသွင်ဖြင့် လုပ်အားပေး ခဲ့ရာ ကမ္ဘာ့အလယ်တွင် မျက်နှာပွင့်ခဲ့ပါသည်။ ကျောင်းသား ကျောင်းသူများသည် ကျောင်းပိတ်ချိန်တွင် အချိန်မဖြုန်းဘဲ ကျေးလက်တောရွာများအထိ စာတတ်မြောက်ရေးအတွက် ခရီးဆန့်ခဲ့ကြပါသည်။ မြန်မာနိုင်ငံ တစ်ဝန်းလုံး "ဝ၊ ထ၊ က၊ လ၊သ" အသံများ လွှမ်းခဲ့ပါသည်။ ထို့ကြောင့် စာတတ်မြောက်သူများ တစ်စတစ်စ တိုးပွားလာခဲ့သည်။ စာဖတ်ခြင်း အလေ့အထများ တိုးတက်လာသည်နှင့်အမျှ စဉ်းစားတွေးခေါ်မှု မှန်ကန်ပြီး တီထွင်ဖန်တီးနိုင်စွမ်းကိုလည်း ရရှိစေနိုင်ပါသည်။

ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံ တည်ဆောက်ရာတွင် အဓိက စွမ်းအားတစ်ခုဖြစ်သော အသိဉာဏ်ပညာဖွံ့ဖြိုးသော လူ့စွမ်းအားသည် အရေးကြီးဆုံးဖြစ်သည်။ ဤလူ့စွမ်းအား ဖွံ့ဖြိုးစေရန် စာတတ်ခြင်း၊ စာဖတ်ခြင်းမှ ရရှိနိုင်မည်ဖြစ်ပါသည်။ နိုင်ငံအတွင်း စာတတ်ပေတတ်၊ ဗဟုသုတ အကြားအမြင် ကြွယ်ဝသော ပညာတတ်များ တိုးပွားလာစေရန်လိုအပ်ပါသည်။ စာတတ်သူတိုင်းသည်စာဖတ်ကြခြင်းဖြင့် မိမိအတွက်သာမက မိသားစုနှင့် ပတ်ဝန်းကျင်တို့မှတစ်ဆင့် နိုင်ငံတော်အထိပင် အကျိုးရလဒ်ကောင်းများ ရရှိခံစားနိုင်မည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ စာတတ်ပြီဆိုလျှင် အတွေးအခေါ်၊ အမြော်အမြင် ဗဟုသုတများ ဆက်လက်တိုးပွားစေရန်အတွက် စာများများဖတ်ကြပါရန် တိုက်တွန်းရေးသား တင်ပြအပ်ပါသည်။

**မြန်မာနိုင်ငံတွင် စာတတ်မြောက်ရေး လှုပ်ရှားမှုကို လူထုလှုပ်ရှားမှုအသွင်ဖြင့် လုပ်အားပေး ခဲ့ရာ ကမ္ဘာ့အလယ်တွင် မျက်နှာပွင့်ခဲ့ပါသည်။**

## အတ္ထရံတံတား(ချောင်းနှစ်ခွ) တည်ဆောက်ရေးစီမံကိန်း ၈၅ ရာခိုင်နှုန်းပြီးစီး



**မော်လမြိုင် မေ ၁၂**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်သည် မေ ၈ ရက်က မော်လမြိုင်မြို့ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းသို့ ရောက်ရှိပြီး သင်တန်းသား သင်တန်းသူ များ၏ အိပ်ဆောင်များနှင့် ကျောင်းဝင်းအတွင်း သန့်ရှင်းသာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကျောင်းဝင်းအတွင်း စိမ်းလန်းစိုပြည်ရေး၊ အရိပ်ရလေကာပင်များ စိုက်ပျိုးထားရှိရေး၊ သောက်သုံးရေရရှိရေးနှင့် သောက်ရေသုံးရေများကို စနစ်တကျသုံးစွဲရေး၊ ဝန်ထမ်းများ အပိုဝင်ငွေရရှိရန်အတွက် ကြက်၊ ဝက်၊ နွား၊ ဆိတ် စသည့်မွေးမြူရေး လုပ်ငန်းများကို တစ်နိုင်တစ်ပိုင် မွေးမြူဆောင်ရွက်သွားရေးတို့ကို လည်းကောင်း၊ အား/ကာ သိပ္ပံကျောင်းမှ ထူးချွန်သည့် မျိုးဆက်သစ်များ မွေးထုတ်ပေးနိုင်ရန်အတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ကျိုက်မရောမြို့နယ် ဘိန်းဗျောကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းဆောင်သစ် ဆောက်လုပ်ထားရှိမှုနှင့် နိတုံကျေးရွာရှိ အလျား ပေ ၃၀၊ အကျယ် ၂၄ပေရှိ နိတုံတံတား တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်ပြီး ကျိုက်မရောမြို့နယ် ချောင်းနှစ်ခွကျေးရွာရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၉)မှ တာဝန်ယူ တည်ဆောက်လျက်ရှိသည့် အတ္ထရံတံတား(ချောင်းနှစ်ခွ) တည်ဆောက်ရေးစီမံကိန်း ဆောင်ရွက်နေမှုအား စစ်ဆေးသည်။

အတ္ထရံတံတား(ချောင်းနှစ်ခွ) တည်ဆောက်ရေး စီမံကိန်းသည် ယခုအခါ စီမံကိန်းတစ်ခုလုံး၏ ၈၅ ရာခိုင်နှုန်းအား အကောင်အထည်ဖော်ဆောင်ရွက် ပြီးစီးပြီဖြစ်သည်။ အဆိုပါတံတား တည်ဆောက်ပြီးစီးပါက မြဝတီ-ကျိုက်မရော-မုဒုံ-မြို့နယ်များမှ မော်လမြိုင်- ရန်ကုန်မြို့အထိကုန်စည်စီးဆင်းမှု မြန်ဆန်လွယ်ကူလာမည် ဖြစ်သည့်အပြင် သယ်ယူပို့ဆောင်ရေး စရိတ်များ ယခင်ကထက် များစွာလျော့နည်းလာမည်ဖြစ်၍ ဒေသခံပြည်သူများအဖို့ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများတွင် များစွာအကျိုးပြုမည့် တံတားတစ်စင်း ဖြစ်ကြောင်းသိရသည်။

ဆက်လက်ပြီး ချောင်းနှစ်ခွ တိုက်နယ်ဆေးရုံအား အကြီးစားပြုပြင်ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် မုဒုံမြို့၏ကျက်သရေဆောင် ကန်ကြီးပတ်လမ်းအား စက်ယန္တရားဖြင့် အဆင့်မြှင့်တင် ဆောင်ရွက်နေမှုကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

## ဗုဒ္ဓဘာသာယဉ်ကျေးမှု အောင်လက်မှတ်များ ပေးအပ်

**ပေါင်းတည် မေ ၁၂**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့ မြို့နယ်သံဃနာယကအဖွဲ့မှ ကြီးမှူးကျင်းပသော ဗုဒ္ဓဘာသာယဉ်ကျေးမှု အောင်လက်မှတ်များ ပေးအပ်ပွဲ အခမ်းအနားကို မေ ၁၀ ရက် မွန်းလွဲ ၁ နာရီက ရွှေကျောင်းကြီးတိုက် အာဂမဇောတိကာရုံ စာသင်တိုက် ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဘဒ္ဒန္တ ပညာဝံသနှင့် ဘာသာရပ်ဆိုင်ရာ ပို့ချပေးသော ဖြေဆိုသည့် ၁၉ ကျောင်းမှ ဆရာတော်ကြီးများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးညီထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဆုရကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် ဂုဏ်ထူးတန်း ၁၃၄ ဦးနှင့် ရိုးရိုးတန်းအောင် ၁၉၆ ဦးကို အောင်လက်မှတ်များ ပေးအပ်ခဲ့ ကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**



**ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ကျေးရွာချင်းဆက် ကျောက်ချောလမ်း ဆောင်ရွက်ပြီးစီးမှုကို မေလပထမပတ်က မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလွင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးကျော်မျိုးအောင်နှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှုစဉ်။**

မြင့်ဦး(ဝါးခယ်မ)

# သောက်ရေရှားပါးသော ကျေးရွာများသို့ သောက်ရေများ လှူဒါန်းနိုင်

**ရေစကြို မေ ၁၂**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် ကမ္ဘာ့ကြက်ခြေနီနေ့ အထိမ်းအမှတ်အဖြစ် ရေစကြိုမြို့နယ် ကြက်ခြေနီတပ်ရင်းမှ ဒုတိယတပ်ရင်းမှူး ဦးကျော်ကျော်ခိုင်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် မေ ၈ ရက်က ရေစကြိုမြို့နယ်အတွင်းရှိ သော်ကဲဘကျေးရွာသို့ ရေဂါလန် ၁၆၀၀ ကို သွားရောက် လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါ သော်ကဲဘကျေးရွာတွင် လူနေအိမ်ခြေ ၅၀ ခန့်ရှိပြီး သောက်သုံးရေရရှိရန် စက်ရေတွင်းများရှိသော်လည်း ရေငန်များသာထွက်ရှိသဖြင့် သောက်ရေနှင့်သုံးရေ လိုအပ်လျက်ရှိရာ မြို့နယ်မီးသတ်တပ်ဖွဲ့အနေဖြင့် မေ ၁၁ ရက်တွင် တစ်ကြိမ် သွားရောက်၍ ရေလှူဒါန်းကြောင်း သိရသည်။

ရေစကြိုမြို့နယ်တွင် သရက်ပင်ကန်၊ ကွမ်းသီးကန်၊ ဝွေးပင်ယာရွာ၊ သော်ကဲဘ၊ မြေဖြူကျင်း၊ ရွာသာအေး၊ ထန်းပင်ချောင်းစသည့် ကျေးရွာများသည် နွေရာသီတွင် နှစ်စဉ်နှစ်တိုင်း သောက်သုံးရေ ရှားပါးသည့် ကျေးရွာများဖြစ်ကြသဖြင့် ရေစကြိုမြို့နယ်မှ ရေအလှူရှင်များက နှစ်စဉ်နှစ်တိုင်း အဆိုပါ ကျေးရွာများနေပြည်သူများအတွက် သောက်သုံးရေ သွားရောက် လှူဒါန်းကြရလေ့ရှိသည်။

ယခုနှစ်တွင် ထိုကဲ့သို့ သောက်သုံးရေ သွားရောက်လှူဒါန်းလိုသူများ အဆင်ပြေလွယ်ကူစေရန်နှင့် ရေရှားပါးသော ကျေးရွာနေပြည်သူများ သောက်ရေရရှိနိုင်ကြရန် ရေစကြိုမြို့နယ် မီးသတ်ဦးစီးဌာနမှ ရေဂါလန် ၁၆၀၀ ဆံ့ ဟီးနိုးမီးသတ်ရေယာဉ်ကို အခမဲ့ ကူညီပေးလျက်ရှိသည်ဟု သိရသည်။



ယခုနှစ်နွေရာသီတွင် ရေအလှူရှင်များသည် ရေစကြိုမြို့နှင့် အနည်းငယ်နီး၍ သောက်ရေအခက်အခဲ ကြုံတွေ့ရလျက်ရှိသော ဝွေးပင်ယာရွာ၊ မြေဖြူကျင်း၊ သော်ကဲဘ စသည့် ကျေးရွာများသို့ ရေသွားရောက် လှူဒါန်းကြလျက်ရှိပြီး ဝေးလံသော ကျေးရွာများသို့ သွားရောက်လှူဒါန်းသူမှာ နည်းပါးကြောင်း သိရသည်။

**အိမွန်ဆွေ(ရေစကြို)**

## ဆီးဂိမ်းပြိုင်ပွဲဝင် မြန်မာ့ရိုးရာခြင်းအဖွဲ့သို့ ဝတ်စုံလှူဒါန်း

**နေပြည်တော် မေ ၁၂**

စင်ကာပူနိုင်ငံတွင် ဇွန်လ၌ ကျင်းပမည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှဆီးဂိမ်းပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့ရိုးရာ ခြင်းအမျိုးသားအသင်းသို့ နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ မီးရထားရပ် ဆွေသဟာမျိုးဆက်သစ် ခြင်းအဖွဲ့မှ အားကစားဝတ်စုံလှူဒါန်းခြင်း အခမ်းအနားကို မေ ၉ ရက်က နေပြည်တော် လေ့ကျင့်ရေးစခန်း (၁) ၌ ကျင်းပသည်။ အဆိုပါဝတ်စုံလှူဒါန်းပွဲသို့ ဆွေသဟာမျိုးဆက်သစ် ခြင်းအဖွဲ့မှ ဦးခင်မောင်အေး၊ ဒေါ်ဆွေဆွေမာ (ဆီးဂိမ်း နည်းပြ)နှင့် မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်မှ အား/ကာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်အေးမူနှင့် အားကစားသမားများ တက်ရောက်ခဲ့ကြသည်။ မြန်မာနိုင်ငံခြင်းအဖွဲ့သည် (၂၈)ကြိမ်မြောက် စင်ကာပူဆီးဂိမ်းတွင် ရွှေတံဆိပ်ဆုရရှိအောင်ယှဉ်ပြိုင်သွားမည့် အဖွဲ့ဖြစ်ကြောင်းနှင့် အဆိုပါခြင်းအဖွဲ့သို့ ဆွေသဟာမျိုးဆက်သစ်ခြင်းဝိုင်းမှ အားကစားဝတ်စုံ ၁၅ စုံပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကာရန်ခ**

## အဆင့်မြင့်ကားလေးကွင်းဖွင့်ပွဲ အခမ်းအနားကျင်းပ

**တာချီလိတ် မေ ၁၂**

တာချီလိတ်မြို့ ပါဆက်အဆင့်မြင့်ကားလေးကွင်းဖွင့်ပွဲ အခမ်းအနားကို မေ ၁၀ ရက်က ကျင်းပရာ ပြည်နယ်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးစိုင်းထွန်းထွန်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာ မျိုးထွန်းက ကားလေးကွင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး မင်းခေတ်သစ်ကုမ္ပဏီမှ တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် သိန်း ၁၀၀ ကို လှူဒါန်းကြသည်။

အဆိုပါ အဆင့်မြင့် ကားလေးကွင်းကို ၂၀၁၃ ခုနှစ် စက်တင်ဘာလမှစတင်ကာ ရစ်ချက်တာစကေး ၈ ဒသမ ၅ ခံနိုင်အားရှိ သံကူကွန်ကရစ်အမျိုးအစား သုံးထပ်အဆောက်အအုံ တစ်ခု၊ နှစ်ထပ် အဆောက်အအုံသုံးခုနှင့် ခရီးသည်နားနေဆောင်များ၊ ယာဉ်အစီး ၈၀ တစ်ပြိုင်တည်း နားနိုင်သည့် ယာဉ်ရပ်နားကွင်းများဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကာ လုံခြုံရေး CCTV စနစ်၊ မီးဘေးကြိုတင် ကာကွယ်ရေးအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ယဉ်ကျေး**



# ပူအိုက်သည့်ရာသီဥတုကြောင့် ကျေးလက်ဒေသများတွင် အဆိပ်ပြင်းမြွေများ တွေ့ရှိမှုများလာ

**ရေတာရှည် မေ ၁၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း ကျေးလက်ဒေသများ၌ နေအပူရှိန်များ မြင့်တက်ခြင်းနှင့် မိုးရွာသွန်းပြီး ပူအိုက်လွန်းသော ရာသီဥတုကြောင့် တွင်းအောင်း အဆိပ်ပြင်းမြွေများကို ညပိုင်းအချိန်တွင် မကြာခဏတွေ့ရသည့်အတွက် အထူးသတိပြု၍ သွားလာနေကြရကြောင်း သိရသည်။

"ကျွန်တော်တို့ဒေသမှာ အဆိပ်ပြင်း မြွေဆိုရင် မြွေပွေးနဲ့ မြွေဟောက်ပေါ့။ မြွေဟောက်ကတော့ ရှားသွားပြီ။ မြွေပွေးကတော့ရှိတယ်။ ကြောက်စရာကောင်းတဲ့ အဆိပ်ပြင်းမြွေပဲ။ ညပိုင်းဆိုရင် ၇ နာရီနဲ့ ၉ နာရီကြားမှာတွေ့ရတတ်ပါတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။

ငန်းတော်ကြီးနှင့် ငန်းဖောင်းမြွေများမှာ မတွေ့ရှိရသလောက် နည်းပါးသွားခဲ့ပြီး အထက်ပါ အဆိပ်ပြင်းမြွေနှစ်မျိုးကိုသာ ရံဖန်ရံခါတွေ့ရတတ်ပြီး မြွေဟောက်အကိုက်ခံရသူအဖို့ ဦးနှောက်နှင့်အာရုံကြောများ ပျက်စီးတတ်ပြီး မြွေပွေးသည် အကိုက်ခံရသူအတွက် ကျောက်ကပ်ကိုအဓိကပျက်စီး၍ အချိန်မီဆေးဝါးကုသမှုမခံယူနိုင်ပါက အသက်ဆုံးရှုံးနိုင်ကြောင်း ကျန်းမာရေးဌာန တာဝန်ရှိသူ တစ်ဦးကပြောသည်။

ကျေးလက်ဒေသများ၌ လယ်ယာလုပ်ငန်းခွင်နှင့် ခရီးသွားလာခြင်းများတွင် အဆိပ်ပြင်းမြွေများအန္တရာယ်များမှကင်းဝေးနိုင်ရန် လက်နှိပ်ဓာတ်မီးများ ကိုင်ဆောင်ခြင်းနှင့် လယ်ရှည်ဖိနပ်များကို သုံးစွဲသင့်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ဆိပ်ဖြူမြို့နယ် ထွန်-ရှားလှကျေးရွာချင်းဆက်လမ်း ဖောက်လုပ်

**ဆိပ်ဖြူ မေ ၁၂**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ (၂၀၁၄-၂၀၁၅) ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ဆိပ်ဖြူမြို့နယ် ပုသိမ်-မုံရွာကားလမ်း(၁၅၇/၇)ထွန်ကျေးရွာအနီး ထွန်-ရှားလှကျေးရွာချင်းဆက် မြေသားလမ်း ၁၀ မိုင်ဖောက်လုပ်မှု လုပ်ငန်းကို မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်မျိုး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုဥက္ကဋ္ဌ ဦးကြည်မောင်၊ မြို့နယ်ပြည်သူ့ဆောက်လုပ်ရေး အင်ဂျင်နီယာနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးခဲ့သည်။




အဆိုပါ ကျေးရွာချင်းဆက်လမ်းကို မတ် ၃ ရက်က စတင်ဖောက်လုပ်ရာ ယခုချိန်ထိ လုပ်ငန်းပြီးစီးမှု ၈၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်နိုင်ခဲ့ပြီး ၎င်းလမ်း ဖောက်လုပ်ပေးခြင်းဖြင့် ဆိပ်ဖြူမြို့နယ် ရှားလှကျေးရွာအုပ်စုနှင့် ဆောမြို့နယ်၊ ပေါက်မြို့နယ်တို့မှ ကုန်းကွင်းပိတ်ကျေးရွာများမှ ကျေးလက်နေပြည်သူများ ဒေသထွက်ကုန်နှင့်ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ၊ လမ်းပန်းဆက်သွယ်ရေး ကိစ္စရပ်များအဆင်ပြေချောမွေ့သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးလင်းနိုင်(iprd)**

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အသိပညာပေးဆွေးနွေး

**မန္တလေး မေ ၁၂**

မန္တလေးတိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့မှ ကြီးမှူး၍ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ လှုပ်ရှားမှုအသွင်ဖြင့် ထိန်းချုပ်ဓာတုပစ္စည်းများ အသိပညာပေးဆွေးနွေးပွဲကို မေ ၁၀ ရက်က မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ရဲသူရိန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်နိုင်က အမှာစကားပြောကြားပြီး ထိန်းချုပ်ဓာတုပစ္စည်း ၂၆မျိုး အကြောင်းကို မူးယစ်တပ်ဖွဲ့စု ၁၇ ရဲမှူး ဒီဒီယောဟန်က ရှင်းလင်းပြောကြားကြောင်း သိရသည်။

**တင်မောင် (မန္တလေး)**

# ရှေးမူမပျက်ထိန်းသိမ်းထားသည့် သမိုင်းဝင် မင်းလှခံတပ်ကြီး

သန်းနိုင်ဦး(ငဖဲ)

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့ရှိ သမိုင်းဝင် မင်းလှခံတပ်ကြီး ရေရှည်တည်တံ့စေရေးအတွက် ဧရာဝတီမြစ်ရေတိုက်စားခြင်းမှ ကာကွယ်ထိန်းသိမ်းခြင်း၊ ခံတပ်ကြီး ရှေးမူမပျက် အစဉ်တည်ရှိနိုင်ရန် ဆောင်ရွက်ခြင်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့က စီစဉ်ဆောင်ရွက်ထားသဖြင့် မင်းလှခံတပ်ကြီးသည် တိုင်းဒေသကြီး၏ဂုဏ်ဆောင်ကာ မင်းလှမြို့၏ ကျက်သရေဆောင်အဖြစ်လည်း တည်ရှိနေပေသည်။

မင်းလှခံတပ်ကြီးသည် မြေပေါ်ခံတပ်အမျိုးအစားဖြစ်ကာ မင်းတုန်းမင်းတရားကြီးနှင့် အိမ်ရှေ့စံကနောင်မင်းတို့က ၁၂၂၃ ခုနှစ်တွင်တည်ဆောက်ခဲ့ပြီး **အောင်ကြောင်းကြံစည် ခံတပ်တည်**ဟု ခေါ်ဝေါ်မှတ်သားခဲ့ကြသည်။ အဆိုပါခံတပ်ကြီးကို အီတလီလူမျိုး ကွန်မိုတို၊ ပြင်သစ်လူမျိုး မိုလီနာရီနှင့် နိုင်ငံခြားပြန် မြန်မာစစ်ဘက်အင်ဂျင်နီယာ လူငယ်များကတည်ဆောက်ခဲ့ကြပြီး (ယခင်ငွေကြေး)မြန်မာဒေါင်းဒင်္ဂါး ၇၀၀၀၀ ကျော် ကုန်ကျခဲ့ကြောင်း သိရသည်။

မင်းလှခံတပ်ကြီးသည် စတုဂံပုံအဆောက်အအုံဖြစ်ပြီး အပြင်ဘက်ဆုံးတွင် အုတ်နံရံတစ်ခုကို စတုဂံပုံ တည်ဆောက်ထားသည်။ အတွင်းဘက်နံရံကိုလည်း စတုဂံပုံတည်ဆောက်ထားပြီး အပြင်အုတ်နံရံနှင့် အတွင်းအုတ်နံရံများကြားတွင် မြေသားဖြည့်ဆောင်ရွက်ထားသည်။ အုတ်နံရံနှစ်ခုကြား မြေသားများပတ်လည်ဖို့ပြီး အရှေ့ဘက်နှင့်အနောက်ဘက်(မြစ်ဘက်နှင့်လမ်းဘက်)တို့တွင် ဗဟိုဝင်ပေါက်များထားရှိသည်။

ခံတပ်အပြင်ဘက်ဆုံး နံရံများ၏ အတိုင်းအတာမှာ အလျား ၁၇၃ ပေ ၇ လက်မ၊ အနံ ၁၃၁ ပေ ၄ လက်မ၊ အမြင့် ၂၅ ပေ ၉ လက်မ ဖြစ်သည်။ အတွင်း နံရံပတ်လည်တွင် အခန်းများ ဖွဲ့စည်းထားပြီး အလယ်တွင် ကွက်လပ်ထားရှိသည်။ အလယ်ကွက်လပ်မှ မြေသားဖြည့်ခံတပ်ပေါ်သို့တက်ရန် တောင်နှင့်မြောက်ဘက်များတွင် တက်ဆင်းလှေကားနှစ်ခုစီ ထည့်သွင်းတည်ဆောက်ထားပြီး ခံတပ်၏အနောက်ဘက် ဗဟိုဝင်ပေါက် ဝဲယာနှစ်ဖက်တွင် လျှောစောက် အတက်အဆင်းများ ပြုလုပ်ထားသည်။ အလေးဝန်များသော အမြောက်များကိုဆွဲတင်ရန် မူလက ရထားသံလမ်းကိုပါ ထည့်သွင်းတည်ဆောက်ထားကြောင်း သိရသည်။

အုတ်များဖြင့် စနစ်တကျတည်ဆောက်ခြင်း၊ ပေါင်းကူး(Arch)များကို စနစ်တကျ အုတ်စီထားခြင်း၊ လုပ်ငန်းလိုအပ်ချက်အလိုက် လှေကားများကို စနစ်တကျစီစဉ်ထည့်သွင်းတည်ဆောက်ထားခြင်းစသည်ဖြင့် ရန်သူကို ခုခံတိုက်ခိုက်ရာတွင် လိုအပ်သောအချက်များပါဝင်အောင် စီစဉ်တည်ဆောက်ထားခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။ မင်းလှခံတပ်သည် မြန်မာတို့၏ ဇာတိမာန်၊ နည်းပညာအဆင့်အတန်းနှင့် မျိုးချစ်စိတ်ဓာတ်တို့အတွက် အထင်ရှားဆုံးသော ပြယုဂ်တစ်ခုအဖြစ် ယနေ့ထက်တိုင် ရှေးမူမပျက် ထိန်းသိမ်းဆောင်ရွက်ထားရှိမှုကို တွေ့မြင်နိုင်သည်။



လမ်းဘက်မှ မြင်တွေ့ရသော မင်းလှခံတပ်ကြီး။

သမိုင်းဝင် မင်းလှခံတပ်ကြီး ရေရှည်တည်တံ့စေရေးထိန်းသိမ်းရန်အတွက် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်၏ စီမံလမ်းညွှန်မှုဖြင့် ဧရာဝတီမြစ်ရေတိုက်စားခြင်းမှ ကာကွယ်ရေးလုပ်ငန်းများကို ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တာဝန်ယူပြီး တိုက်ရိုက်ကာကွယ်ခြင်းနှင့် သွယ်ဝိုက်ကာကွယ်ခြင်းဟု လုပ်ငန်းနှစ်မျိုးဖြင့် ဆောင်ရွက်လျက်ရှိသည်။ တိုက်ရိုက်ကာကွယ်မှုလုပ်ငန်းအဖြစ် အလျား ၁၀၀ ပေ၊ လျှောစောက်အလျား ၆၅ ပေရှိ ကျောက်စီနံရံ (Revetment)တစ်ခုကို ခံတပ်၏အထက် ရေစီးနေရာတွင် တည်ဆောက်ထားသည်။ ကျောက်စီနံရံ၏ အပေါ်ပိုင်းကို အလျား ၁၀၀ ပေ၊ အမြင့် ၇ ပေရှိ သစ်မာသားပိုင်တိုင်အခြေပြု မြေထိန်းနံရံတည်ဆောက်ထားပြီး မြေထိန်းနံရံ ခိုင်မြဲစေရေးအတွက် အနောက်ဘက်တွင်ကျောက်စီတာရိုး(Anchor Block)များ ထည့်သွင်းတည်ဆောက်ထားသည်။ လျှောစောက်ပိုင်း ကာကွယ်မှုအဖြစ် ၁ ပေ ၆ လက်မ အထူရှိ ကျောက်သားစီနံရံကို အကွက်ချ ပုံစံအတွင်း ထည့်သွင်းတည်ဆောက်ထားပြီး အောက်ခြေပိုင်း ကာကွယ်မှုအဖြစ် တစ်ဆင့်နိမ့် လျှောစောက်နံရံတစ်ခု ပြုလုပ်ထားသည်။

သွယ်ဝိုက်ကာကွယ်မှုလုပ်ငန်းအဖြစ်ဆောင်ရွက်ရာတွင် ခံတပ်ကြီးအနီးကပ်၍ စီးဆင်းနေသော ရေနက်စီးကြောင်းကို ခံတပ်မှအနည်းငယ်ဝေးကွာသောနေရာသို့ ပြောင်းရွှေ့စီးဆင်းစေရန်နှင့် ရေတိမ်လာစေရန်အတွက် စုစုပေါင်း အလျား ၂၀၀ ပေရှိ ကျောက်စီရေကာတာ သုံးခုကို ကျောက်သားထုထည်ဖြင့် တည်ဆောက်ထားပြီး အပေါ်မျက်နှာပြင်ကို နှာသပ်ခြင်း၊ ကွန်ကရစ်လောင်းခြင်းများဖြင့် အချိုးညီပေါင်းစပ်ဆောင်ရွက်ထားသည်ကို တွေ့ရသည်။ ထိုသို့ စီမံဆောင်ရွက်ထားမှုများကြောင့် မြစ်ကမ်းလျှောစောက် ရေတိုက်စားခြင်းကို ကာကွယ်နိုင်ပြီး ကျောက်စီရေလွှဲ ရေကာတာသုံးခုကလည်း ကမ်းရင်းကပ်ရေကြောင်းကို လွှဲပြောင်းပေးသဖြင့် ရေနက်စီးကြောင်းမှာ ခံတပ်မှ ဖယ်ခွာစီးဆင်းလျက်ရှိသည်ကိုတွေ့ရသည်။

မင်းလှခံတပ်ကြီး ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဘုန်းမော်ရွှေနှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မေ ၅ ရက်က မင်းလှခံတပ်သို့ လာရောက်ကြည့်ရှုခဲ့သည်။ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့အား ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဇော်လွင်က ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။ ထိုသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် မင်းလှခံတပ်ကြီး ရေရှည်တည်တံ့ရေးလုပ်ငန်းများကို ဆောင်ရွက်နေမှုကြောင့် သမိုင်းဝင် မင်းလှခံတပ်ကြီးသည် မြန်မာတို့၏ ရှေးဟောင်းအမွေအနှစ်တစ်ခုအဖြစ် ရှေးမူမပျက် ရေရှည်တည်တံ့ကာ ခိုင်မြဲနေမည်ဖြစ်ပါသည်။ ။


မင်းလှခံတပ်ကြီး၏ အတွင်းပိုင်းကို မြင်တွေ့ရစဉ်။

# မန္တလေး-ပြင်ဦးလွင် လမ်းဘေးရှိ ဆီးခြံများ ပျောက်ကွယ်စပြုလာ

**ပြင်ဦးလွင် မေ ၁၂**

မန္တလေး ပြင်ဦးလွင် လမ်းဘေးရှိ လက်ကောင်း၊ ကျောက်မီး၊ ကျောက်ချောစသည့် ကျေးရွာများတွင် ယခင်က စိုက်ပျိုးထားသော ဆီးခြံများကို လမ်းဘေးဝဲယာတစ်လျှောက် ပြင်ဦးလွင်မြို့ အတက် ၁၆ မိုင် တောင်ခြေအထိ များစွာ စိုက်ပျိုးထားကြသည်ကိုတွေ့ရှိခဲ့ရသော်လည်း ယခုအခါ တစ်စတစ်စ ပျောက်ကွယ်စပြုလာပြီဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ပျောက်ကွယ်လာရခြင်းမှာ များပြားလာသော လူဦးရေနှင့်အမျှ နေအိမ်တိုက်တာအဆောက်အအုံများ ဆောက်လုပ်လာရခြင်း၊ ပြည်ပမှ ဝင်ရောက်လာသော အမျိုးအမည်အသစ် ဆီးသီးဈေးကွက်ကို ဒေသမျိုးဖြစ်သော ဆီးသီးများမှ ယှဉ်ပြိုင်ထိုးဖောက်ရောင်းချနိုင်သော အရည်အချင်းမရှိခြင်း၊ ဆီးခြံများတွင် လုပ်ကိုင်မည့် အလုပ်သမားရှားပါးလာခြင်းတို့ကြောင့် ဖြစ်ကြောင်း သိရသည်။

ထို့အပြင် မန္တလေးမြို့အနီးဝန်းကျင်တစ်လျှောက်တွင် အိမ်ခြံမြေဈေး မြင့်တက်လာမှုတို့ကြောင့် ဆီးခြံပိုင်ရှင်များမှ မြေယာများကို ရောင်းချခြင်းတို့ကြောင့်လည်းကောင်း၊ တိုးတက်ပြောင်းလဲလာသော ခေတ်၏လိုအပ်ချက်အရ လမ်း၊ တံတားနှင့် အဆောက်အအုံများ ဆောက်လုပ်ရန် မရှိမဖြစ်အသုံးပြုရသော ကျောက်အမျိုးမျိုးကို ယခင် ဆီးခြံများအနီးရှိ ကျောက်ဆောင်ကျောက်တောင်များမှ ရယူရခြင်းဖြစ်သောကြောင့် ပိုမိုအကျိုးဖြစ်ထွန်းစေနိုင်သော ကျောက်ခွဲစက်၊ ကျောက်ထုတ်လုပ်ငန်းများကို အစားထိုး လုပ်ကိုင်လာကြခြင်းတို့ကြောင့်လည်းကောင်း ဆီးခြံများ နည်းပါးလာရသည်ဟု သိရသည်။

ပြင်ဦးလွင်မြို့နယ်အစပ် ပုသိမ်ကြီးမြို့နယ်အတွင်း မန္တလေး-ပြင်ဦးလွင် ကားလမ်းဘေးတွင် ယခင်က ဆီးခြံများ စိမ်းစိမ်းစိုစို အုပ်အုပ်ဆိုင်းဆိုင်းနှင့် ဆီးသီးပေါ်ထွက်ချိန် ရာသီ၌လည်း ဆီးသီးအရောင်းဆိုင်တန်းများ တမျှော်တခေါ် တွေ့မြင်ခဲ့ရသော်လည်း ယခုအခါ ဆီးခြံများကိုအတွင်းဝင်ရောက်ရသော ကျေးရွာများ၌သာ စိုက်ပျိုးထားသည်ကို တွေ့ရသည်။ ဆီးသီးရောင်းချသူအရေအတွက်လည်း လျော့နည်းသွားပြီး ပြည်ပမှ ဝင်ရောက်လာသော အခြား သီးနှံကုန်စည်အသစ်များကိုသာ ရောင်းချနေကြကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**



# နက်နဲသိမ်မွေ့လှသည့်ရွှေဆိုင်းခတ်ပညာနှင့် ရွှေပွားစက္ကူလုပ်ငန်း

❐ မင်းထက်အောင်(မန်းကိုယ်ပွား)

ပန်းဆယ်မျိုးဟု ခေါ်ကြသော မြန်မာ့ရိုးရာလက်မှုအနုပညာလုပ်ငန်းများသည် မြန်မာတို့၏ ဘိုးဘွားအစဉ်အဆက်မှ လုပ်ကိုင်လာကြသော လုပ်ငန်းများဖြစ်သည်။ အချို့လက်မှုပညာများမှာ ယနေ့အချိန်တွင် အသုံးပြုမှုနည်းလာသဖြင့် ထုတ်လုပ်မှုလျော့ကျကာ ကွယ်ပျောက်လုနီးပါးဖြစ်နေသော်လည်း အချို့ပညာရပ်များမှာမူ ယနေ့ခေတ်တိုင်အောင် လက်ဆင့်ကမ်းအမွေပေး၍ လုပ်ငန်းများ ဆက်လက်လုပ်ကိုင်နေကြဆဲဖြစ်ကာ အချို့ပညာရပ်များမှာမူ ခေတ်ကာလအလျောက် တိုးတက်ဖြစ်ထွန်းလျက်ရှိပါသည်။

မင်းတုန်းမင်းတရားကြီးလက်ထက်တွင် အမရပူရမှ မန္တလေးမြို့သို့ မြို့တော်တည်ဆောက် ပြောင်းရွှေ့နန်းစံရာတွင် အမရပူရတွင်ရှိခဲ့သော မြန်မာ့ရိုးရာယဉ်ကျေးမှုလက်မှုအနုပညာလုပ်ငန်းများဖြစ်သည့် ပန်းဆယ်မျိုးလုပ်ငန်းများနှင့် အမှုထမ်းများကိုလည်း မန္တလေးသို့ ပြောင်းရွှေ့စေခဲ့ပါသည်။ မင်းတုန်းမင်းတရားကြီး၏ အမြော်အမြင်ကြီးမားမှုကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှုလက်မှုအနုပညာလုပ်ငန်းများသည် မန္တလေးမြို့ကြီးတွင် ယနေ့တိုင်မပျောက်ကွယ်သေးဘဲ သားစဉ်မြေးဆက် ထိန်းသိမ်းလုပ်ကိုင်လျက်ရှိနေပါသည်။

ပန်းဆယ်မျိုးအပြင် အခြားမြန်မာမှုနှင့်ဆက်နွှယ်သော မြန်မာ့ရိုးရာလက်မှု အနုပညာလုပ်ငန်းများကိုလည်း မန္တလေး၌ ထိန်းသိမ်းလုပ်ကိုင်နေကြဆဲဖြစ်ရာ ရွှေဆိုင်း၊ ရွှေခတ်၊ ရွှေလျောင်စက္ကူလုပ်ငန်း အတတ်ပညာမှာလည်း မန္တလေးမြို့တွင်သာတွေ့နိုင်သော ရှေးကျ၍ နက်နဲသိမ်မွေ့သည့် မြန်မာ့လက်မှုအနုပညာတစ်ရပ်ဖြစ်သည်။

ရွှေဆိုင်းလုပ်ငန်းကို မျက်ပါးခတ်ပညာရှင်များက ရွှေတုံးရွှေခဲမှ ရွှေဆိုင်းဖြစ်သည်အထိ အဆင့်ဆင့်ပြုလုပ်ကြရာတွင် ရွှေလက်ဆန့်ခြင်း၊ အလျားတင်ခြင်း၊ အလျားခတ်ခြင်း၊ ပဇာတင်ခြင်း၊ ပဇာခတ်ခြင်း၊ ရွှေထိုး၊ ရွှေပြင်ခြင်းစသည့် လုပ်ငန်းအဆင့်များ အများအပြားရှိပြီး အလွန်ခက်ခဲလက်ဝင်သော လုပ်ငန်းဖြစ်သည်။

ရွှေလက်ဆန့်လုပ်ငန်းသည် ပထမအဆင့်ဖြစ်ကာ ပုရပိုက်ခေါက်အရည်မှီရွှေများကို ရွှေကြိုသည့် လုံပက်(ဆီမီးခွက်ပုံသဏ္ဌာန်)တွင် ထည့်၍ကြိုရ၏။ ရွှေကြိုရာတွင် အချိန် ၂ နာရီမှ ၃ နာရီအထိ ကြာ၏။ ပျော့ပျောင်းသောရွှေတုံးရလာသောအခါ ပေပေါ်တွင်တင်၍ ရိုက်ထုရ၏။ ထိုသို့ ရိုက်ထုသည်ကို ရွှေလက်ဆန့်သည်ဟုခေါ်ပြီး ရွှေများကို ပိုမိုများပြားလာအောင် တလိမ့်တုံးပါသော စက်ဖြင့် ကြိတ်၍ဆန့်ရပြီး ရွှေပြားကို မီးပူပေးလိုက်၊ ကြိတ်လိုက်၊ ပေပေါ်တင်၍ဆန့်လိုက်ဖြင့် အကြိမ်ကြိမ်ပြုလုပ်ရသည်။ ရွှေတစ်ကျပ်ခွဲသားကို အလျား၊ အနံ ၃၆လက်မရှိသည့် ရွှေသွယ်လေးသွယ်(ရွှေပြားလေးပြား)ရသည်အထိ ဆန့်ယူရသည်။

ယင်းရွှေပြားများကို သေးငယ်သောရွှေပြားကလေးများအဖြစ် ထပ်မံဖြတ်တောက်ရပြီး မန်ကျည်းစေ့အရွယ်မျှသာရှိသော ရွှေစကလေးအရေအတွက် ၄၀၀ အထိ ဖြတ်တောက်သည်။ ထိုရွှေစကလေးများကို ရွှေခတ်နိုင်ရန်အတွက် အလျားခွံဟုခေါ်သော နှစ်လက်မခွဲခန့် ရွှေစက္ကူတစ်မျိုးတွင် တစ်ခုစီညှပ်ကာ တစ်ထပ်စီထုပ်ရသည်။ ထို့နောက် သမင်ရေဖြင့်ပြုလုပ်သောအိတ်တွင်ထည့်ကာ ကျောက်ပေပေါ်တွင်တင်၍ ရွှေခတ်သူနှစ်ဦးသို့မဟုတ် သုံးဦးက တူဖြင့်အကြိမ်ကြိမ်ထုပေးခြင်းကို ရွှေခတ်သည်ဟုခေါ်သည်။ အလေးချိန် ၉၅ ကျပ်သားရှိ ပိတောက်သားရိုး တပ်သံတူဖြင့်ထု၍ ရွှေခတ်ရခြင်းဖြစ်ရာ ကျောက်ပေကို မြေထဲတွင်ငြိမ်နေအောင် နှစ်ပေခန့် မြှုပ်ထားရ၏။



မန်ကျည်းသီးစေ့အရွယ်ခန့်ရှိ ရွှေပြားစလေးကို တူဖြင့် အချက် ၆၀၀ ခန့်မျှထု၍ ရွှေခတ်လိုက်သောအခါ ဒင်္ဂါးဝိုင်းခန့်ရွှေပြားဖြစ်လာသည်။ ဒင်္ဂါးဝိုင်းခန့်ရွှေပြားကို ထပ်မံ၍ ခြောက်စိပ်စိပ်သည့်အခါ မူလရွှေတစ်ကျပ်ခွဲသားသည် အစိတ်အပြားပေါင်း ၂၄၀၀ အထိ ဖြစ်လာသည်။ ထိုအဆင့်အထိ အလျားတင်ခြင်း၊ အလျားခတ်ခြင်းလုပ်ငန်းများကို သီးခြားအဆောက်အအုံထဲတွင်ထားရှိပြီး လုပ်ကိုင်ကြသည်။

ထိုရွှေပြားအစိတ်ကလေးများကို ရွှေခတ်စက္ကူတွင် ထည့်ပြန်ကာ ဒင်္ဂါးဝိုင်းခန့်မှ နှစ်လက်မခန့်အရွယ်အထိ ရှည်ထွက်လာအောင် တူဖြင့်ထု၍ ထပ်မံရွှေခတ်ရသည်။

ထိုသို့ရွှေခတ်ခြင်းအဆင့်ကို ပဇာခတ်သည်ဟုခေါ်ပြီး ခတ်ရာတွင် တူချက်ဒဏ်ခံနိုင်ရည်ရှိအောင် ကောက်ရိုးဖြင့် ပြုလုပ်ထားသော ရွှေခတ်စက္ကူ ၁၀ ချပ်ထက်မနည်းခံကာ တစ်ထပ်စီထုပ်၍ သမင်ရေအိတ်တွင်ထည့်ကာ ခတ်ရသည်။ ပဇာခတ်ရာတွင် အချိန်နှစ်နာရီခန့် တူချက်ရေ ၃၀၀၀ကျော် ၄၀၀၀ခန့်ထုလိုက်လျှင် ရွှေပြားလေးများမှာ အရွယ်နှစ်လက်မခန့်ရှိလာသည်။

ရွှေအလျားတင်ခြင်း၊ အလျားခတ်ခြင်း၊ ပဇာခတ်ခြင်းများပြီးစီးသောအခါ နှစ်လက်မခန့်ရှည်လာသည့် ရွှေပြားလေးများကို ရွှေပြင်ခန်းသို့ပို့ရသည်။ နှစ်လက်မခန့် ရွှေပြားများကို ငါးလက်မခွဲပတ်လည်ရှိ ရွှေခတ်စက္ကူပေါ်တွင် တစ်ထပ်စီ စက္ကူတစ်ထောင်ပါအထုပ်အဖြစ်သို့ ပြုပြင်ပေးကြသည်ကို ရွှေတင်သည်ဟုခေါ်သည်။ ရွှေတင်ပြီးအထုပ်ကို နောက်ဆုံးအဆင့်အဖြစ် သမင်ရေအိတ်တွင်ထည့်ကာ ခြောက်နာရီခန့်ကြာသည်အထိ ထုခတ်ရပြန်သည်။ နှစ်လက်မခန့်ရွှေပြားမှ သုံးလက်မ၊ သုံးလက်မခွဲခန့် ရွှေပြားများဖြစ်လာသည်အထိ ခတ်ကြရ၏။ ရွှေပြင်ကြသောအမျိုးသမီးများက ထုခတ်ပြီး ရွှေပြားများကို ရွှေပြင်ခန်းတွင်တစ်ချပ်စီ တစ်ရွက်စီကြည့်ရှုပြီး ပျက်စီးသည့်ရွှေပြားစများကို ထပ်မံပြုလုပ်ရန်အတွက် သီးခြားထားရသည်။ ရွှေပြားကလေးများကိုကိုင်တွယ်ရန် စိုင်ချို သို့မဟုတ် ကျွဲချိုဖြင့် ပြုလုပ်ထားသော လက်ကိုင်များ အသင့်ရှိကာ လက်ကိုရွှေမလူးမကပ်စေရန် ကံ့ကူဆံမှုန့်များကို မကြာခဏကိုင်တွယ်၍ ပွတ်ပေးရသည်။ ရွှေပြင်သည့်စားပွဲကိုလည်း ရွှေများကပ်မနေစေရန် သစ်စေးအနက်သုတ်ထားသော ကျွန်းစားပွဲခုံများကို အသုံးပြုရသည်။ ရွှေဆိုင်းတစ်ဆိုင်းလျှင် ရွှေပြားငါးချပ်မှ ၁၀၀ အထိ ပါဝင်သည်။ ရွှေတစ်ကျပ်ခွဲသားကို ရွှေဆိုင်းခတ်ရာတွင် ရွှေခတ်ရွှေပြင်သူတို့၏ လက်ရည်ပေါ်မူတည်၍ နှစ်လက်မခန့်အရွယ် ရွှေချပ် ၁၀၀ ပါ ရွှေဆိုင်းထုပ် ၄၀ အထိထွက်သည်ဟု သိရသည်။

ရွှေခတ်စက္ကူလုပ်ငန်းကို ရွှေဆိုင်းလုပ်ငန်းနှင့်တွဲလျက် မျက်ပါးရပ်တွင်ပြုလုပ်ကြသည်။ ရွှေစက္ကူပြုလုပ်ရာတွင် မျှင်ဝါးကို အသုံးပြုကြသည်။ မျှင်ဝါးအရင့်ကိုသုံး၍မရဘဲ တစ်နှစ်သားဝါး သို့မဟုတ် တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ ၃လအတွင်းထွက်ရှိသောမျှင်ဝါးကို ခုတ်ယူသုံးစွဲရသည်။ မျှင်ဝါးကို မန္တလေး-ပြင်ဦးလွင်ကားလမ်းဘေး ၂၁ မိုင်အထက် သစ်တောများမှ ရရှိနိုင်သည်။ နေ့ချင်းပြီး နီးဖျာခွဲစိတ်၍ စဉ့်အိုးများတွင်ထည့်ကာ မဖောက်ထုံးများဖြင့် စိမ်ရ၏။ မဖောက်ထုံး၏သတ္တိမှာ ဝါးကိုနူးနယ်သွားစေသော အပူဓာတ်ရှိခြင်းကြောင့်ဖြစ်သည်။ စိမ်သည့်ရက်စွဲကိုမှတ်၍ သုံးနှစ်တိတိစိမ်ရခြင်းဖြစ်သည်။ နှစ်စဉ်ထိုကဲ့ သို့ စိမ်ထားခြင်းဖြင့် ကုန်ကြမ်းမပြတ်ရရှိကြသည်။

သုံးနှစ်ပြည့်သော မျှင်ဝါးစည်းများကိုဖော်ပြီးပါက မြေအိုးကြီးများတွင်ထည့်၍ ရေဖြင့်ဆေးကာပြုတ်ပြန်သည်။ မျှင်ဝါးစည်းများကို နှစ်ရက်တိုင်တိုင်ပြုတ်ပြီးနောက် ကျောက်တုံးပေါ်တွင်တင်၍ထုရသည်။ ဝါးမျှင်ကလေးများဖြစ်လာသည်အထိထုပြီးနောက် နေလှန်းရသည်။ အမျှင်များကိုရရှိလာသောအခါ အဝတ်ဖြင့် အုပ်လိုက်၊ ရေစွတ်လိုက်၊ ထုလိုက်ဖြင့် စေးသွားအောင်လုပ်ရသည်။ မျှင်ဝါးသားညက်အောင် ထုထောင်းပြီးပါက ရွှေပွားစက္ကူကုန်ကြမ်း မျှင်ဝါးအစေးအခဲပျော့ဖတ်များကို စက္ကူပြုလုပ်ရန်အတွက် အချိန်အတွယ်ဖြင့်မှတ်သားပြီး အလုံးကလေးများ လုံးထားရသည်။ လိုသမျှအချိန်အဆကို စက္ကူလုပ်နိုင်ရန်အတွက် ရေရောပြီးတလိမ့်နှင့် မွှေခြင်းဖြင့် စက္ကူရည်များရရှိလာသည်။ စက္ကူရည်နှစ်များ သို့မဟုတ် မျှင်ဝါးရည်အနှစ်များကို အလျား ၃ ပေ ၄လက်မ၊ အနံ ၂ ပေ၄ လက်မရှိသော သစ်သားဘောင်တွင် ကျက်ထားသည့်ပိတ်ကားပေါ်တွင်လောင်း၍ လက်ဖြင့် ညီမျှအောင်မွှေပေးရသည်။ မျှင်ဝါးရည်များ တင်ကျန်စေရန် ပိတ်စသည်ပါးဖို့လိုအပ်ပြီး ပိတ်ကားပေါ်တင်ရာတွင် တစ်ပြေးညီတည်ရှိစေရန် ပိတ်ကားကို ခပ်စောစောကတည်းက ရေကန်ထဲတွင် စိမ်ထားရသည်။ ထို့နောက် ပိတ်ကားကို နေလှန်းရပြန်သည်။ ပိတ်ကားခြောက်မှ စက္ကူချပ်ကို ခွာယူရသည်။

စက္ကူဖြစ်လာသောအခါ ဝါးမျှင်အစအနများရှင်းသွားစေရန် ပါးလွှာသောဓားဖြင့် ခြစ်ပေးပြီးနောက် စက္ကူချပ်ကို ပုံအတိုင်းဖျက်ပြီး ရေစိမ်ရပြန်သည်။ ရေနှပ်ထားသော စက္ကူချပ်များကို မြေတိုက်ခန်းထဲတွင် ကြေးပြင်ပေါ်တင်ကာ သစ်သားဖြင့် ထုရိုက်ပေးရသည်။ စက္ကူအရောင်တောက်ပြောင်လာအောင် ရိုက်ပြီးနောက် ရွှေပွားစက္ကူအဖြစ်ရောက်ရှိလာပြီး ခြောက်လက်မ ပတ်လည်အရွယ်များ ဖြတ်တောက်ယူကာ ရွှေဆိုင်းလုပ်ငန်းတွင် အသုံးပြုကြလေသည်။

မြန်မာပြည်အနှံ့အပြား တန်ခိုးကြီးဘုရားများတွင် ကပ်လှူပူဇော်ကြသည့် ရွှေဆိုင်းများကို မြန်မာတို့၏ ရိုးရာလက်မှုအနုပညာဖြစ်သော ရွှေဆိုင်း၊ ရွှေခတ်လုပ်ငန်းများမှ ထုတ်လုပ်သည့်အပြင် ရွှေဆိုင်းများကိုသာမက ရွှေဆိုင်းလုပ်ရာတွင်သုံးသည့် ရွှေလျောင်စက္ကူလုပ်ငန်းကိုပါ မြန်မာ့ရိုးရာနည်းစနစ်များဖြင့် ထုတ်လုပ်လျက်ရှိပါသည်။ အဆင့်ဆင့်သိမ်မွေ့နက်နဲစွာ ထုတ်လုပ်ရသည့် လုပ်ငန်းတစ်ခုဖြစ်ရာ မြန်မာ့ရွှေဆိုင်းလုပ်ငန်းသည် ဂုဏ်ယူထိန်းသိမ်းသင့်သည့် ရိုးရာအနုပညာ၊ အတတ်ပညာတစ်ခုပင် ဖြစ်ပါသည်။ ။

တရုတ်
ENGLISH Conversation Practice
စကားပြောရုံပဲဆိုရင် (တရုတ်)စာမဖတ်လည်းပြောလို့ရတယ်။
Sayar.Yang
ပြောလို့ပြီးပြောမတတ်သူ ပြောတတ်ပြီးပြောမထွက်သူအတွက် စကားပြောလေ့ကျင့်သင်တန်း
Great Wall စကားပြော ၊ စကားပြန်
TAMWE - 540714, 09 5183636
09 420230133

Sweet Angel NAIL ART & BEAUTY TRAINING SCHOOL
အခမဲ့ပညာဒါနသင်တန်းများ
သင်ထောက်ကူပစ္စည်းတစ်စုံဝယ်ယူဖြင့် အခမဲ့သင်ကြားပေးပါမည်။

| ဘာသာရပ် | ပစ္စည်းဖိုး | သင်တန်းကာလ |
|---|---|---|
| ဆံပင်ညှပ် | 50,000 | 2 Months |
| ဆံထုံး | 50,000 | 1 Month |
| မိတ်ကပ် | 50,000 | 1 Week |
| လက်သည်းပုံဖော်ပန်းချီ | 50,000 | 1 Month |
| လျှော် + ပေါင်းတင် ဆေးဆိုး/ဖြောင့် | 50,000 | 2 Weeks |
| မျက်နှာဆေးချေးချွတ် အဆီပ်ထုပ်၊ ပေါင်းတင် | 50,000 | 2 Weeks |

သင်တန်းပြီးဆုံးလျှင် သင်တန်းဆင်းလက်မှတ်ထုတ်ပေးမည်။
ကျွမ်းကျင်သူများအား လစာဖြင့် အလုပ်ပြန်ခန့်မည်။
အလုပ်ရရန် ကူညီပေးမည်။
အခန်း:(406)၊ ပန်းခြံတာဝါ၊ ဗားဂရာလမ်းနှင့်မဟာမေတ္တာ လမ်းထောင့်၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။
Ph: 01-538510, 09-5107347,09-33546597

သင်..အသက်ငယ်ငယ်နဲ့ အောင်မြင်ချင်ပါသလား ➡ လူငယ်မန်နေဂျာသင်တန်း YOUNG MANAGER TRAINING
MYANMAR'S LAND SUCCESS, MOTIVATION AND MANAGEMENT INSTITUTE
သင်တန်းများအားလုံးကို ABE (UK) ၏ ကမ္ဘာ့အမှတ်အများဆုံးဆု (WORLD FIRST) ရရှိထားသော ဆရာ လင်းသိုက်ညွန့် (မြန်မာ့မြေ) ကိုယ်တိုင် သင်ကြားပေးပါမည်။
စီးပွားရေးစီမံခန့်ခွဲမှုပညာကို စိတ်ဝင်စားသူ လူငယ်တိုင်းအတွက်...
16.5.2015 ဖွင့်မည် (Sat - Sun) 5 : 30 pm to 7 : 30 (၂)လ သင်တန်း
• အခြေခံစီးပွားရေးစီမံခန့်ခွဲမှုပညာ (Basic Business Management)
• Marketing, HR, Operation အခြေခံ အသိသုတများ
• Business Plan, Business Model ရေးဆွဲနည်း
• ခေါင်းဆောင်မှုပညာ (Leadership Skill)
• အပြုသဘောရှုမြင်မှု၊ စကားပြောဆိုမှုပညာ
• Problem Solving Skill, How to get idea ?
Guest Speaker များအဖြစ် ပါဝင်ဆွေးနွေးပေးပါမည်။
www.facebook.com/mlinstitute
Campus (1) : 209 (B), Shwegonedine Road, Kominkochin Quartar, Bahan Township, Yangon. Campus (2) : Taw Win Centre (3rd Floor)
Can Contact : 01- 548500, 0932350785, 098628594, 0943121060, 095010014 Website : www.lynnthaiknyunt.com
New Campus တွင် သင်ကြားပါမည်

ပျောက်ဆုံးကြောင်း
ကျွန်တော် မောင်နေမာမိ (CDC-63179)၏ EDH No. 11819/13 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၀၈၃၄၁၈

အမည်ပြောင်း
ဦးခင်မောင်ထွေး၏သမီး အင်းစိန်မြို့နယ်မှ မသဲနန္ဒာဆွေအား ယနေ့မှစ၍ မဖြိုးငြိမ်းဝေဟု ပြောင်းလဲခေါ်ပါရန်။

ကမ္ဘာ့အဖိုးတန်သစ်မွှေး
စိုက်နည်း၊ ပျိုးနည်း
ဝင်းသစ်မွှေး 09-5117226

သားအဖြစ်မှ စွန့်လွှတ်ခြင်း
ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃) ရပ်ကွက်၊ ဝရဇ (၆)လမ်း၊ အမှတ် ၆၂၃နေ ဦးကျွေ-ဒေါ်ခင်မေတို့၏သား မောင်အောင်ဇော်မိုး ၁၂/ဥကတ(နိုင်)၀၉၉၁၅၅သည် မိဘခွင့်မလွှတ်နိုင်သောကိစ္စများအား ၎င်း၏စိတ်ဆန္ဒဖြင့် ပြုလုပ်သွားပါသဖြင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စများအား တာဝန်ယူ ဖြေရှင်းမည်မဟုတ်ကြောင်းနှင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။) ဦးကျွေ-ဒေါ်ခင်မေ

# ကျူပီအာတို့လည်း တန်းဆင်းပြီ

ပရီမီယာလိဂ်ပွဲစဉ် ၃၆ အပြီး ကျူပီအာတို့ မန်စီးတီးကို ခြောက်ဂိုးပြတ်နဲ့ရှုံးပြီး တန်းဆင်းသွားခဲ့ရပြီဖြစ်ပါတယ်။ ကျူပီအာတို့ ရုန်းကန်ကြိုးစားခဲ့ပေမယ့် လာမယ့်ရာသီမှာ ချန်ပီယံရှစ်သို့ ဘန်လေအသင်းနဲ့အတူ တန်းဆင်းသွားခဲ့ရပြီဖြစ်ပါတယ်။ တတိယမြောက် တန်းဆင်းမယ့်အသင်းကတော့ လက်ကျန်ပွဲနှစ်ပွဲရဲ့ ရလဒ်တွေကို စောင့်ကြည့်ရဦးမှာဖြစ်ပါတယ်။ ဟားလ်စီးတီး၊ နယူးကာဆယ်၊ လီဆစ္စတာစီးတီး၊ ဆန်းဒါးလန်းနဲ့ အက်စ်တွန်ဗီလာအသင်းတွေဟာ တန်းဆင်းသွားနိုင်တဲ့အသင်းတွေဖြစ်ပါတယ်။ လက်ကျန်ပြိုင်ပွဲ နှစ်ပွဲရဲ့ ရလဒ်အဖြေပေါ်မူတည်ပြီး တန်းဆင်းနိုင်တဲ့အသင်းတွေဖြစ်ပါတယ်။ ပရီမီယာလိဂ်မှာ ချယ်လ်ဆီးကပွဲမကုန်မီ ဖလားဆွတ်ခူးသွားပြီဖြစ်လို့ ဖလားတိုက်ပွဲအတွက် စိတ်ဝင်စားစရာမရှိတော့ပေမယ့် တန်းဆင်းဇုန်လွတ်မြောက်ရေး ကြိုးပမ်းမှုတွေကတော့ ပြင်းထန်နေဆဲဖြစ်ပါတယ်။ ရာသီကုန်ပြိုင်ပွဲအထိ တန်းဆင်းဇုန်လွတ်မြောက်ရေး ကြိုးပမ်းမှုတွေ စိတ်ဝင်စားဖွယ်ရှိနေဦးမှာ ဖြစ်ပါတယ်။

# အောင်မြင်မှုတွေနဲ့ ဒတ်ချ်ပရိသတ်ကို နှုတ်ဆက်ခဲ့တဲ့ ဒီပေး



ပီအက်စ်ဗွီ တိုက်စစ်မှူး မမ်ဖစ် ဒီပေးဟာ မန်ယူသို့ မထွက်ခွာမီ ဒတ်ချ်အမှတ်ပေးဘောလုံးပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်ကစားရာမှာ ပရိသတ်ကို နောက်ဆုံးနှုတ်ဆက်ခဲ့ပါတယ်။ ပီအက်စ်ဗွီနဲ့ အာမီလိုအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ပွဲမှာ ပီအက်စ်ဗွီက နှစ်ဂိုးပြတ်နဲ့ နိုင်ခဲ့ပါတယ်။ ဒီပွဲမှာ တိုက်စစ်မှူး ဒီပေးက အသင်းအတွက် အလွတ်တည်ကန်ဘောမှတစ်ဆင့် တစ်ဂိုး သွင်းယူပေးနိုင်ခဲ့ပါတယ်။ အသက် ၂၁ နှစ်အရွယ်ရှိ ဒီပေးဟာ ရာသီအကုန်မှာ မန်ယူသို့ ပေါင်သန်း ၃၀ ခန့်နဲ့ ပြောင်းရွှေ့သွားတော့မှာ ဖြစ်ပါတယ်။ သူဟာ ပီအက်စ်ဗွီအသင်းကို ဒီနှစ်ချန်ပီယံဖလားရအောင် ကြိုးစားပေးရာမှာ အဓိကခြေစွမ်းပြကစားခဲ့တဲ့ တိုက်စစ်မှူး ဖြစ်ပါတယ်။ ပရိသတ်တွေက ဒီပေးကို ပီအက်စ်ဗွီအိုင့်ဟိုဗင်အသင်းရဲ့ အိပ်မက်ကို အမှန်တကယ်အကောင်အထည်ဖော်ပေးနိုင်တဲ့သူအဖြစ် ချီးကျူးခဲ့ကြပါတယ်။ ဒီပေးဟာ နယ်သာလန်နည်းပြလုပ်ခဲ့တဲ့ ဗန်ဟားလ်နဲ့အတူ အလုပ်အတူလုပ်ခဲ့ကြသူတွေဖြစ်ပါတယ်။ မန်ယူက ပီအက်စ်ဂျီနဲ့အပြိုင် ဒီပေးကို အရခေါ်ယူခဲ့ရတယ်လို့ နည်းပြ ဗန်ဟားလ်က ဆိုပါတယ်။ ဒီပေးဟာ ဥရောပအသက်အငယ်ဆုံး ကစားသမားဖြစ်ပြီး ဒီနှစ်ထဲမှာ စုစုပေါင်း ၂၂ ဂိုးသွင်းယူခဲ့တဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ လာမယ့်ရာသီမှာ မန်ယူအတွက် ဂိုးသွင်းစက်ဖြစ်လာနိုင်ပါတယ်။


# ရီးရဲတို့ လာလီဂါဖလားကို နှုတ်ဆက်ခဲ့ပြီလော

စပိန်လာလီဂါပွဲပြီးဆုံးဖို့ နှစ်ပွဲအလိုမှာ ဘာစီလိုနာက လေးမှတ်အသာနဲ့ ဦးဆောင်နေတဲ့အတွက် ရီးရဲမက်ဒရစ်တို့ ဒီနှစ်လာလီဂါဖလားကို နှုတ်ဆက်ခဲ့ရပြီဖြစ်ကြောင်း ရီးရဲနောက်တန်းကစားသမားဒါနီကာဗာဂျာက ပြောဆိုလိုက်ပါတယ်။

ပြီးခဲ့တဲ့ပွဲစဉ် ၃၆ မှာ ဘာကာက ဆိုစီဒက်ကို အနိုင်ရချိန် ရီးရဲမက်ဒရစ်က ဗလင်စီယာကို နှစ်ဂိုးစီနဲ့ သရေပွဲသာ ကစားနိုင်ခဲ့ပါတယ်။ အိမ်ကွင်းမှာ သရေပွဲဆိုတာ မဖြစ်သင့်ပါဘူး။ အနိုင်ရအောင် ကစားရမှာပါ။ အခုတော့ ကျွန်တော်တို့ လာလီဂါဖလားကို နှုတ်ဆက်ရတော့မှာပါလို့ ကာဗာဂျာက ပြောဆိုလိုက်ပါတယ်။ ဘာစီလိုနာဟာ လက်ကျန်နှစ်ပွဲမှာ အက်သလက်တီကို သို့မဟုတ် ဒီပို့တီပိုကို အနိုင်ရအောင်ကစားနိုင်မယ်ဆိုရင် ဒီနှစ်ဖလားဆွတ်ခူးနိုင်မှာဖြစ်ပါတယ်။ ရီးရဲနည်းပြ အန်ဆယ်လော့တီကတော့ ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲတက်လာတဲ့ အသင်းအနေနဲ့ လာလီဂါဖလားလုပွဲကိုလည်း အကောင်းဆုံးဖြစ်အောင် ကြိုးစားရမှာဖြစ်ကြောင်း ပြောဆိုလိုက်ပါတယ်။

မိမိတို့အနေနဲ့ လက်ကျန်ပွဲနှစ်ပွဲစလုံးကိုလည်း အနိုင်ရအောင် ကစားသွားမယ်လို့ နည်းပြ အန်ဆယ်လော့တီက ဆိုလိုက်ပါတယ်။ ရီးရဲမက်ဒရစ်အသင်းဟာ ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ပထမအကျော့မှာ ဂျူဗင်တပ်စ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ထားပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်။





ခရစ္စတယ်ပဲလေ့စ်နှင့် လီဗာပူး ပထမအကျော့ ကစားစဉ်။

# အမှတ်ပြည့်ယူဖို့ ကြိုးစားမယ့် လီဗာပူး

၂၀၁၄-၂၀၁၅ ပရီမီယာလိဂ် ဘောလုံးရာသီရဲ့ နောက်ဆုံးလက်ကျန်ပွဲစဉ်တွေကို အကြိတ်အနယ်ယှဉ်ပြိုင်နေကြပြီ ဖြစ်ပါတယ်။ မေ ၁၆ ရက်မှာ ကစားမယ့် ပရီမီယာလိဂ်ပွဲစဉ်တွေမှာ ဥရောပဝင်ခွင့်အတွက် ရုန်းကန်နေရတဲ့ လီဗာပူး၊ တန်းမဆင်းရရေး အားထုတ်ရမယ့် နယူးကာဆယ်တို့ရဲ့ စွမ်းဆောင်မှုတွေ ဘယ်လောက်အထိ အရာထင်မယ်ဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

### လီဗာပူးနှင့် ခရစ္စတယ်ပဲလေ့စ်

ပထမအကျော့ပွဲစဉ်တွေ လီဗာပူးက နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ထားခဲ့သလို အခုပွဲက အိမ်ကွင်းဖြစ်တာကြောင့် အားသာချက်ရှိနေပါတယ်။ မန်ယူကို ဖိအားပေးဖို့အတွက် အတိမ်းအစောင်းမခံဘဲ အနိုင်ရရှိရေးကို လီဗာပူးတို့ ခြေကုန်ထုတ်ပါလိမ့်မယ်။ ရှုံးပွဲတွေ ဆက်တိုက်ကြုံတွေ့နေတဲ့ ခရစ္စတယ်ပဲလေ့စ်အတွက် တစ်မှတ်ရဖို့တောင် ရုန်းကန်ရဖို့ရှိနေပြီး လီဗာပူးတို့အမှတ်ပြည့်ယူဖို့ ပြင်ဆင်ပါလိမ့်မယ်။

### ဝက်စ်ဟမ်းနှင့် အဲဗာတန်

နှစ်ဂိုးစီသရေပွဲဖြစ်ထားတဲ့ ပထမအကျော့ရလဒ်ကြောင့် ဒီပွဲမှာ အပြန်အလှန် ထိုးဖောက်ကစားပါလိမ့်မယ်။ ဝက်စ်ဟမ်းရဲ့ နောက်ဆုံးငါးပွဲကစားခဲ့တဲ့ရလဒ်ကိုကြည့်ရင် တစ်ပွဲသာနိုင်ထားတာမို့ မန်ယူကိုတောင် အနိုင်ကစားထားတဲ့ ခြေစွမ်းမျိုးပြန်ရရင် အဲဗာတန်တို့ သုံးမှတ်ရနိုင်တဲ့ပွဲပါ။

### ကျူပီအာနှင့် နယူးကာဆယ်

တန်းဆင်းဖို့ ခြေလှမ်းပြင်နေတဲ့ ကျူပီအာအတွက် အိမ်ကွင်းဆိုပေမယ့် ခက်ခဲမယ့်ပွဲဖြစ်ပါတယ်။ လောလောဆယ်မှာရလဒ်တွေ ဆိုးရွားနေတဲ့ ကျူပီအာကို နယူးကာဆယ်တို့က အခွင့်အရေးရအောင်ရှာဖွေပြီး အနိုင်ရလဒ်ကို ဖော်ဆောင်ပါလိမ့်မယ်။ နယူးကာဆယ်တို့ကလည်း နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ နိုင်ပွဲတစ်ပွဲမှ မရခဲ့တာမို့ ဒီပွဲမှာ အမှတ်ပြည့်ရမှ တန်းဆင်းဇုန်ထဲ မကျဆင်းမှာမို့ ခြေကုန်ထုတ်မှာ သေချာနေပါတယ်။

### ဘန်လေနှင့် စတုတ်

ပထမအကျော့မှာ ဘန်လေတို့က နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရထားပါတယ်။ လောလောဆယ်မှာ ဘန်လေတို့က ဟားလ်စီးတီးကို နိုင်ပွဲရအောင် ကစားထားသလို စတုတ်တို့လည်း စပါးလိုအသင်းကို သုံးဂိုးပြတ်နဲ့ နိုင်ပွဲဖော်ဆောင်ထားပါတယ်။ တန်းဆင်းသွားရပြီဖြစ်တဲ့ ဘန်လေနဲ့ အမှတ်မလိုတော့တဲ့ စတုတ်တို့ရဲ့ ပွဲစဉ်ဖြစ်ပါတယ်။

### စပါးနှင့် ဟားလ်စီးတီး

နှစ်သင်းစလုံးအမှတ်လိုအပ်နေတာမို့ ပြိုင်ဆိုင်မှုပြင်းထန်မယ့်ပွဲပါပဲ။ ပထမအကျော့မှာ စပါးတို့က နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရထားတာမို့ အခုပွဲမှာလည်း အနိုင်ဆက်တိုက်ရယူဖို့ဆိုတာ မလွယ်ပါဘူး။ နိုင်ပွဲရမှ တန်းဆင်းဇုန်က ရုန်းထွက်နိုင်မှာမို့ ဟားလ်စီးတီးအတွက် ပင်ပန်းကြီးစွာ ဖြတ်ကျော်ရမယ့်ပွဲပါပဲ။

### ဆောက်သမ်တန်နှင့်ဗီလာ

ခြေစွမ်းပြန်လည်ကောင်းမွန်လာတဲ့ ဗီလာတို့အတွက် ဆောက်သမ်တန်ကိုနိုင်ပွဲရအောင် အားထုတ်ပါလိမ့်မယ်။ ဆောက်သမ်တန်ဟာ အမှတ်လိုအပ်နေပြီး အမှတ်ပြည့်ရယူနိုင်ရေးကြိုးစားမှာဖြစ်သလို ဗီလာတို့ကလည်း ပထမအကျော့ တစ်ဂိုးစီသရေရလဒ်ကို ချေဖျက်ကာ အမှတ်ပြည့်ရယူမှာမို့ ဗီလာခြေစွမ်းကို ပိုပြီးနှစ်သက်မိပါတယ်။ ။


➤➤ မိုးမြင့်လင်းလက်

# မန်စီးတီးက ပေါ့ဘာကိုခေါ်ဖို့ ကြိုးစားနေပြီ



ကွင်းလယ်ကစားသမား ပေါ့ဘာကို ခေါ်ယူဖို့ကြိုးစားနေတဲ့အသင်းတွေထဲမှာ မန်စီးတီးလည်း အဓိကပါဝင်လာပါတယ်။ သူ့ကို ပေါင်သန်း ၇၀ နဲ့ ခေါ်ယူမယ်လို့ သတင်းတွေထွက်ပေါ်နေပါတယ်။ သူဟာ ကမ္ဘာ့ကြေးအမြင့်ဆုံးကွင်းလယ်ကစားသမားဖြစ်လာနိုင်ပါတယ်။ မန်စီးတီးက ပြင်သစ်နဲ့ ဂျူဗင်တပ်စ်ကွင်းလယ်ကစားသမား ပေါ့ဘာကို ဒီနှစ်နွေရာသီမှာ ယာယာတိုရေးနဲ့ အစားထိုးဖို့ ကြိုးစားနေတယ်လို့ ဆိုပါတယ်။ မန်စီးတီးသူဌေး ရှိတ်မန်ဆာက ပေါ့ဘာကို ဗြိတိသျှစံချိန်တင်ပြောင်းရွှေ့ကြေး ပေါင်သန်း ၇၀ နဲ့ ခေါ်ယူဖို့ မျှော်မှန်းထားတယ်လို့ ဆိုပါတယ်။ ကျွန်တော်တို့အနေနဲ့ အသင်းကို ပြန်လည်တည်ဆောက်ဖို့ အသက် ၂၂ နှစ်အရွယ်ရှိတဲ့ ပေါ့ဘာကို ခေါ်ယူသွားဖို့ ကမ်းလှမ်းမှာဖြစ်ပါတယ်။ သူ့ကို တစ်ပတ်ပေါင် ၂၅၀၀၀၀ ပေးမှာဖြစ်ပါတယ်လို့ မန်ဆာက ဆိုပါတယ်။ ပေါ့ဘာကို ပစ်မှတ်ထားနေတဲ့ အသင်းတွေထဲမှာ မန်စီးတီးအပြင် ရီးရဲမက်ဒရစ်၊ ပီအက်စ်ဂျီ၊ ချယ်လ်ဆီးနဲ့ အိမ်နီးချင်း မန်ယူတို့လည်း ပါဝင်ပါတယ်။ စီရော်နယ်ဒို၊ ရွှန်နေနဲ့ မက်ဆီတို့ တစ်ပတ်ပေါင် ၃၀၀၀၀၀ ရရှိနေချိန်မှာ ပေါ့ဘာလည်း ကမ္ဘာ့စျေးအကြီးဆုံး ကွင်းလယ်ကစားသမား ဖြစ်လာဖွယ်ရှိနေပါတယ်။


THE ALL-NEW BMW 2 SERIES
ACTIVE TOURER.
MAKE EVERY DAY COUNT.
The all-new BMW 2 Series Active Tourer combines perfect combination of versatile interior, higher seating position with classic BMW dynamic performance, and yet offer plenty of comfort and space despite its compact dimensions.
Put your mind at ease with BMW Service Inclusive that cover the cost of your vehicle maintenance for 3 years and extends the statutory warranty period to 3 years.
Visit showroom or call +95 (1) 230 6133, Service Hotline: +95 (1) 230 6144.
Prestige Automobiles
bmwmyanmar.com
Sheer Driving Pleasure
The all-new BMW 2 Series Active Tourer
BMW EfficientDynamics
Less consumption. More driving pleasure.
Prestige Automobiles Co.,Ltd. The Exclusive Authorised BMW Dealer in Myanmar.
No.485, Corner of Pyay Road and Narnattaw Street, Kamayut Township, Yangon, Myanmar.
Join BMW Myanmar
www.facebook.com/BMWPAC



